အပ္ပမာဒေါ စ ဓမ္မေသု ဧတံ မင်္ဂလမုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၁၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၁)၊ အမှတ် (၁၆၈)

ကြေညာချက်ထုတ်ပြန်

ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ကွက်များ နိုင်ငံသားပုဂ္ဂလိက ကုမ္ပဏီနှင့် အသင်းများအား မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုမည့်ကြေညာချက်ကို စာမျက်နှာ(၁၀)တွင် ဖော်ပြထားပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို စိတ်ရင်းစေတနာထက်သန်စွာနဲ့ဆောင်ရွက်ကြရမည်

ကျေးလက်ဒေသရဲ့ စီးပွားရေးဟာ နိုင်ငံ့စီးပွားရေးပဲဖြစ်တယ်။ ကျေးလက်ဒေသ ကျန်းမာရေးနဲ့ ပညာရေးဟာ အမျိုးသားကျန်းမာရေးနဲ့ ပညာရေးပဲ ဖြစ်တယ်။ ကျေးလက်ဒေသ အချင်းချင်း၊ ကျေးလက်ဒေသနဲ့ မြို့ပြတွေအကြား လမ်းပန်းဆက်သွယ်မှုတွေ ကောင်းမွန်အောင် ဆောင်ရွက်ပေးရမယ်။ သောက်သုံးရေနဲ့ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးရမယ်။ ကျန်းမာကြံ့ခိုင်တဲ့ ပညာတတ်တွေဖြစ်အောင် ဆောင်ရွက်ပေးရမယ်။ ကျေးလက်ဒေသတွေ စီးပွားဥစ္စာ တိုးတက်သွားအောင် ဆောင်ရွက်ပေးရမယ်။ ပြည်သူတွေ အားကိုးရတဲ့ ပြည်သူ့သားကောင်းပီသစွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို စိတ်ရင်းစေတနာထက်သန်စွာနဲ့ ဆောင်ရွက်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၆)သင်တန်းဆင်း မိန့်ခွန်းမှ–

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းစစ်ဆေး
စီမံကိန်းပြီးစီးက မဟာဓာတ်အားကွန်ရက်စနစ်မှ တစ်နိုင်ငံလုံးသို့ဖြန့်ဖြူးပေးသွားမည်

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ပြည်သူများလက်တွေ့အကျိုးခံစားနိုင်ရေး ဖိဖိစီးစီးဆောင်ရွက်

ရန်ကုန် မတ် ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ■

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၁၄ ရက်က ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းခွင်အတွင်း ဆောင်ရွက် နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၁၆ ရက်)

တန်ဖိုးကြီးမားသည့် ကျောက်မျက်ရတနာများ တိုးချဲ့ရှာဖွေ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိရေး ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ပုလဲရတနာများ ထွက်ရှိရာ ဘူမိနက်သန်နိုင်ငံဖြစ်သည်။

ကျောက်မျက်ရတနာများ ထွက်ရှိရာ မိုးကုတ်၊ မိုင်းရှူး၊ ပြင်လုံရတနာမြေများသာမက ကျောက်စိမ်းထွက်ရှိရာ ကချင်ပြည်နယ်မှ ဖားကန့်၊ လုံးခင်း၊ ဆားမော်ဒေသများ၊ စစ်ကိုင်းတိုင်း ခန္တီးဒေသ၊ မော်လူးမော်ဟန်ဒေသတို့သည် ပြည်တွင်းတွင်သာမက ကမ္ဘာသို့တိုင် ကျော်ကြား ပျံ့နှံ့လျက်ရှိသည်။

တနင်္သာရီတိုင်း မြိတ်ကျွန်းစုမှ ထွက်ရှိသည့် မြန်မာ့ပုလဲသည်လည်း ကမ္ဘာတွင် နာမည်ကြီးလှသည်။ အရည်အသွေးကောင်းပြီး ကမ္ဘာတွင်နာမည်ကြီးနေသည့် မြန်မာ့ရတနာများကို တိုးမြှင့်ရောင်းချနိုင်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းက ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မတ်လ ၁၃ရက်နေ့ နံနက်ပိုင်းမှစ၍ ဖွင့်လှစ် ပြသလျက်ရှိသည်။

(၄၁)ကြိမ်မြောက် ရတနာပြပွဲတွင် ကျောက်စိမ်းရိုင်းအတွဲပေါင်း ၁၂၅၄တွဲ တန်ဖိုးအားဖြင့် ယူရို ၁၃၁သမ ၂၅သန်း၊ ကျောက်မျက်အတွဲ ၃၁၈တွဲ တန်ဖိုး ယူရို ၈၁သမ ၉သန်း၊ မိုင်းရှူးကျောက်မျက်ရိုင်း ၇၆တွဲ တန်ဖိုး ယူရို ၈၁သမ ၃သန်း ၊ လက်ဝတ်ရတနာ ပစ္စည်းမျိုးစုံ ၁၂၀၇ တန်ဖိုး ယူရို ၉၅၀၈၈၄အား ရောင်းချမည်ဖြစ်ပြီး ကျောက်မျက်များနှင့် လက်ဝတ်ရတနာများတန်ဖိုး စုစုပေါင်းယူရို ၉၁သမ၉သန်းခန့်၊ ပုလဲအတွဲ စုစုပေါင်း ၂၈၉တွဲ တန်ဖိုး ယူရို ၁၁သမ ၈သန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်းသိရသည်။

ယခုအခါ နိုင်ငံတော်က ကျောက်မျက်ဈေးကွက်ဖြစ်ထွန်းရေး၊ ကျောက်မျက်ရတနာလုပ်ငန်းများ ပိုမိုတိုးတက် ဖြစ်ထွန်းရေးနှင့် စနစ်တကျ မှန်ကန်မှုရှိရေးတို့အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်မျက်ရတနာနယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များတွင် နိုင်ငံတော်နှင့် နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များ အကျိုးတူ ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်မှုရှိလာခြင်းမှာ နိုင်ငံတော်နှင့်နိုင်ငံသားပုဂ္ဂလိက ကုမ္ပဏီများ ပူးပေါင်းပြီး ကျောက်မျက်ရတနာ ဖက်စပ်တူးဖော်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းနှင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာလာခြင်းတို့ကြောင့်ဖြစ်သည်။

ထို့အပြင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ပြည်တွင်း၌ ခင်းကျင်းပြသရောင်းချသကဲ့သို့ ပြည်ပနိုင်ငံများတွင် ခင်းကျင်းပြသရောင်းချသော ရတနာပြပွဲများသို့လည်း မြန်မာနိုင်ငံမှ တိုင်းရင်းသားပုဂ္ဂလိက ရတနာလုပ်ငန်းရှင်များ သွားရောက်ရောင်းချမှုကို ခွင့်ပြုထားသည်။

ကျောက်မျက်ရတနာလုပ်ငန်းမှ နိုင်ငံတော်အတွက် အခွန်အခများရရှိသကဲ့သို့ ပုဂ္ဂလိက ကျောက်မျက်လုပ်ငန်းရှင်များအတွက်လည်း အကျိုးခံစားခွင့်များ ရရှိခဲ့ကြသည်။ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့အကျိုးစီးပွား ဖြစ်ထွန်းမှုများ ရရှိကြသည့်နည်းတူ နိုင်ငံတော်အပေါ် မှန်မှန်ကန်ကန် သစ္စာရှိရှိဖြင့် ပြန်လည်အကျိုးပြုသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ တန်ဖိုးကြီးမားသည့် ကျောက်စိမ်း၊ ကျောက်မျက် ရတနာများကို တိုးချဲ့ရှာဖွေပြီး မြန်မာ့ကျောက်မျက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ ဆောင်ရွက်ခဲ့သဖြင့် သတ္တုကဏ္ဍမှ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိလျက်ရှိသည့်အလျောက် ကျောက်မျက်လုပ်ငန်းများ အပြင် ရွှေ၊ ငွေ၊ ပုလဲနှင့် အခြားသတ္တု တူးဖော်မှုလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်ပြီး နိုင်ငံတော်အတွက် သတ္တုကဏ္ဍမှဝင်ငွေ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



ရန်ကုန်တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း (၁/၂၀၀၄) ဖွင့်ပွဲကို မတ် ၈ ရက်က သန်လျင်မြို့ မြို့ဟောင်း အလက၅ ကျောင်းပရာ ရန်ကုန်တိုင်း အုပ်ချုပ်ရေးမှူးဦးလှစိုးက သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။ (ခရိုင်ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး (၁/ ၂၀၀၄) ကျင်းပ

ရန်ကုန် မတ် ၁၅

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ အစည်းအဝေး(၁/၂၀၀၄)ကို မတ် ၁၁ရက်နံနက် ၁၀နာရီက တက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်၏ လေ့ကျင့်သင်ကြားရေး ကိစ္စရပ်များနှင့် ပတ်သက်၍ညှိနှိုင်းဆွေးနွေးပြီးဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကိုနံနက် ၁၁း၄၅ နာရီတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ် ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးသည် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ တက္ကသိုလ်ကောင်စီ အဖွဲ့ဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တက္ကသိုလ်ကွန်ပျူတာဌာနစိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ လုပ်ငန်းသုံးသပ် စစ်ဆေးရေးအဖွဲ့ဝင် တပ်ထိန်း၊ယာဉ်ထိန်းအဖွဲ့များအား ဆုချီးမြှင့်

ရန်ကုန် မတ် ၁၅

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စည်းကမ်း ဖောက်ဖျက်ယာဉ်များ အရေးယူနိုင်ရေးအတွက် အများဆုံးစစ်ဆေးတွေ့ရှိခဲ့သည့် တပ်ထိန်း၊ ယာဉ်ထိန်းအဖွဲ့များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၄ရက်နေ့မွန်းတည့် ၁၂နာရီတွင် သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

ရှေးဦးစွာ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မော်တော်ယာဉ်မသုံးစွဲရနေ့နှင့်ပတ်သက်၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မတီဝင်များက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ဆုများချီးမြှင့်

ထို့နောက်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ကော်မတီဒုတိယဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေတို့က ဆုရစစ်ဆေးရေးအဖွဲ့များအား ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပဲခူးအသောကကျောင်းသင်္ကြန်တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၁၅

ပဲခူးမြို့ ဇေယျာသီရိ အသောကကျောင်း၏ အကြိမ်(၄၀)မြောက် သင်္ကြန်တရားပွဲကို ၁၃၆၅ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်မှ တန်ခူးလကွယ်ထိ (ဧပြီ ၈ရက်မှ ၁၈ရက်)ထိ ကျင်းပမည်ဖြစ်ရာ နှစ်စဉ်ဆွမ်းဒါန ပြုသည့် အလှူရှင်များနှင့် အလှူရှင်သစ်များသည် သာသနာ့မာမကအဖွဲ့ ဇေယျာသီရိအသောကကျောင်းတိုက် ဟင်္သာကုန်းမြို့ပတ်လမ်း ဗိုလ်ကုန်း(၁၈)ရပ်ကွက် ပဲခူးမြို့ ဖုန်း–၀၅၂–၂၂၁၆၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မတ် ၁၄ ရက်က ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်တွင် ခင်းကျင်းပြသထားသော တမံဖြတ်ပိုင်းပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေ့ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ နောက်ခံသမိုင်း၊ ရေအားလျှပ်စစ်ဦးစီးဌာနက ကွင်းဆင်းလေ့လာတိုင်းတာ တွေ့ရှိချက်၊ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းအားထုတ်

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိမ့်ရေ တားတမံ၊ ရေလွှဲပြွန်၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲ၊အကူရေပိုလွှဲ၊ ကျောက်ဖြည့်တမံ၊ ရေအားလျှပ်စစ်စက်ရုံ၊ ဓာတ်အားခွဲရုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ စိမ့်ရေတား ကွန်ကရစ်နံရံ အပါအဝင် ဇုန်အမျိုးအစား ကျောက်ဖြည့်တမံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စီမံကိန်းလုပ်ငန်းအချက်အလက်များကို မေးမြန်းပြီး ရေစိမ့်ထွက်မှု မရှိစေရေးစနစ်သစ်ဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်သော်လည်း လုပ်ငန်းအတွေ့အကြုံရရှိပြီးဖြစ်၍ တိကျမှန်ကန်ရေးနှင့် စီမံကိန်းပါကဏ္ဍအလိုက်လုပ်ငန်းများကို အချိန်တိုတိုနှင့်တစ်ပြိုင်တည်းပြီးစီးရေးကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေကြသော ပြည်ပမှ အတိုင်ပင်ခံပညာရှင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခင်းကျင်းပြသထားသော တမံဖြတ်ပိုင်းပုံ ပုံစံငယ်နှင့် ဇုန်အမျိုးအစားတမံတွင် ထည့်သွင်းအသုံးပြုမည့် မြေသားပစ္စည်းနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှုရပ်မှ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ပြီး ရေလွှဲပြွန်တည်ဆောက်ရေးလုပ်ငန်း ပင်မတမံတည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း တမံအုတ်မြစ်စိမ့်ရေတား ကွန်ကရစ်နံရံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ Soil Cement ကွန်ကရစ် အရည်အသွေးစစ်ဆေးခြင်းနှင့် မြေဖယောင်း ပါဝင်သော စမ်းသပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘိုးရင်းလုပ်ငန်း၊ Clam Shellလုပ်ငန်း၊ကွန်ကရစ်လောင်းခြင်းလုပ်ငန်း အပါအဝင် တမံအုတ်မြစ် စိမ့်ရေတားကွန်ကရစ် နံရံတည်ဆောက်မှု လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ Hight Tech Concrete Co., Ltd.မှ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံပြသရှင်းလင်းကြသည်။

၇၅မဂ္ဂါဝပ်ထုတ်လုပ်မည်

ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းမှာ စစ်တောင်းမြစ်ရေအားလျှပ်စစ် စီမံကိန်းများ၏ စီမံကိန်းတစ်ခုအပါအဝင်ဖြစ်ပြီး ရွှေကျင်ချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက်လျက် ရေအားလျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဟုသိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုလိုက်ပါလျက် နံနက် ၁၁ နာရီတွင် ပဲခူးတိုင်း ရွှေကျင်မြို့သို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်ဝင်းမြင့်၊ ပဲခူးခရိုင်နှင့် ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရွှေကျင်ဆေးရုံရောက်ရှိ

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရွှေကျင်မြို့ ခုတင် (၁၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာ ကြည်စိုးနှင့် အထူးကု ဆရာဝန်များ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က ရွှေကျင်ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီး ပေါ်ပေါက်လာပုံ၊ တည်နေရာနှင့် အကျယ်အဝန်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ဆေးရုံသစ်ကြီး၌ ဆေးကုသခြင်းလုပ်ငန်းစတင်ရန်ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရောင်ခြည်ဦးဆောက်လုပ်ရေးမှ ဦးတင်ရွှေက ပြင်ပလူနာဌာန၊ ရုံးအဆောက်အအုံ၊ လူနာဆောင်နှစ်ဆောင် တည်ဆောက်ပြီးစီးနေမှု၊ ပြင်ပရေလုပ်ငန်း၊ လျှပ်စစ်မီးလုပ်ငန်းများဆောင်ရွက်ထားမှု၊ ဆောင်ရွက်ဆဲတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေကျင်မြို့ ခုတင် (၁၀၀)ဆံ့ဆေးရုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ တည်ဆောက်ပြီးစီးသွားသည့် သွားကု ဆေးခန်း၊ ဓာတ်မှန်ခန်းနှင့် လူနာဆောင်များ၊ တည်ဆောက်ဆဲ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရွှေကျင်မြို့ဆံတော်ရှင် မဟာဗုဒ္ဓဘုရားကြီးစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်မြို့ မဟာပညာဗိမာန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာဝရအမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁*

ရွှေကျင်ချောင်းပေါ်တွင် ရေလှောင်တမံ တည်ဆောက်လျက် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

(သတင်းစဉ်)

16-3 (3).p65 1 3/24/05, 9:01 PM

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ်၁၄ရက်က ပဲခူးတိုင်း ရွှေကျင်မြို့ မြဝတီခန်းမ၌ ရွှေကျင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဆံတော်ရှင်မဟာဗုဒ္ဓဘုရားကြီး စေတီတော်၌ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး စေတီတော်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေကျင်မြို့ မြဝတီခန်းမ၌ ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရွှေကျင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွေးမြင့်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ဒေသဆီဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်းတစ်ကျောင်းတို့ကိုလည်းကောင်း၊ တိုက်နယ်ဆေးရုံတစ်ရုံကို လည်းကောင်း အဆင့်တိုးမြှင့်ပေး၍ မြို့ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိဦးဆောင်သည့်အဖွဲ့ ရွှေကျင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် အထောက်အကူဖြစ်စေမည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယနေ့နံနက်ပိုင်းက ရွှေကျင်မြို့အနီး တည်ဆောက်လျက်ရှိနေသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေကျင် ခုတင်(၁၀၀)ဆံ့ ဆေးရုံတည်ဆောက်ရေးစီမံကိန်းများသို့ သွားရောက်ခဲ့ပြီး လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြောင်း။

ယခုလည်း ရွှေကျင်မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့ပြ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပံ့ပိုးဆောင်ရွက်ဖွယ်ရာများကို ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

စံနမူနာပြဂုဏ်ယူ

ရွှေကျင်မြို့သည် မြန်မာ့ရိုးရာ အစဉ်အလာဖြစ်သည့် ရွှေကျင်မီးမျှောပွဲတော်ကို အစဉ်အလာမပျက် ထိန်းသိမ်းထားနိုင်သကဲ့သို့ ရိုးရာယဉ်ကျေးမှု ရွှေကျင်တက်ပုံ ယိမ်းအကကိုလည်း အစဉ်တစိုက်ထိန်းသိမ်း ဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှုတွင် စံနမူနာပြ ဂုဏ်ယူရမည်ဖြစ်ကြောင်း။

ရွှေကျင်မြို့နယ်သည် ယခင်က နယ်မြေအေးချမ်းလုံခြုံမှု မကောင်းခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် နောက်ကျကျန်နေသည့် သဘောရှိကြောင်း၊ ယနေ့အချိန်တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို နိုင်ငံတော်က ဆောင်ရွက်ပေးလာနိုင်ခဲ့ကြောင်း။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ရွှေကျင်မြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီးတွင် ဆရာဝန်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တစ်နိုင်ငံလုံးဖြန့်ဖြူး

ရွှေကျင်မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ရွှေကျင်–မဒေါက် မော်တော်ကားလမ်းနှင့် ယင်းလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူး ရွှေကျင်–မဒေါက်တံတားကြီးကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင်ခုတင် (၁၀၀)ဆံ့ ဆေးရုံတည်ဆောက်လျက်ရှိရာ မကြာမတင်တွင် ဖွင့်လှစ်ပြီး ဒေသနေပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများ အပြည့်အဝပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့အပြင် ရွှေကျင်အနီးရေအား လျှပ်စစ်စီမံကိန်းကိုလည်း စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းပြီးစီးပါက ရွှေကျင်မြို့ လျှပ်စစ်မီးအပြည့်အဝ ပေးနိုင်မည့်အပြင် မဟာဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် တစ်နိုင်ငံလုံး ဖြည့်တင်းဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း။

ယနေ့ မြို့နယ်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၏ တင်ပြချက်များအရ ရွှေကျင်မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူငယ်လူရွယ်များ၏ ပညာရေးအဆင့်တိုးမြှင့်ရေး၊ အနာဂတ်အတွက် လူသားစွမ်းရည် အရင်းအမြစ်များ တိုးတက်ပွားများလာရေးနှင့် ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ပေးနိုင်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ မြို့သောက်သုံးရေရရှိရေး၊ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေးများနှင့် ပတ်သက်ပြီး ကဏ္ဍအလိုက် အမှန်လိုအပ်မှုများကို ပညာရှင်များနှင့် ခနအင်အားပေါ်မူတည်တွက်ချက်ပြီး ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်

နိုင်ငံတော်က နယ်စပ်ဒေသများ တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းကြီးများချမှတ်၍ တောင်ပေါ်မြေပြန့် အနီးအဝေးမကျန် တစ်နိုင်ငံလုံးအတိုင်း အတာနှင့်မျှမျှတတဖွံ့ဖြိုးတိုးတက်လာစေရအောင် အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ယနေ့ကဲ့သို့ အချိန်အခါတွင် အခြေခံကျသည့်မြို့နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာများအနေဖြင့် တာဝန်ကျေရုံသက်သက်အလုပ်လုပ်နေ၍ မဖြစ်တော့ကြောင်း၊ ယခုအချိန်အခါတွင် ဒေသတည်ငြိမ်အေးချမ်းမှု ထိုက်သင့်သည့် အတိုင်းအတာရှိလာပြီဖြစ်၍ မိမိဒေသဖွံ့ဖြိုးမှုနောက်ကျနေမှုကို အလှမ်းကျဲကျဲဖြင့်တီထွင်ကြံဆမှုအား၊ ဝီရိယအား၊ စေတနာအားတို့ဖြင့် ပေါင်းစပ်ပြီး အရှိန်အဟုန်မြှင့်ကြိုးပမ်းအားထုတ်အလုပ်လုပ်သွားကြရေးမှာ ကြားလိုကြောင်း။

နိုင်ငံတော်က ဗဟိုနှင့်ဒေသဆိုင်ရာ စီမံခန့်ခွဲရေး ယန္တရားအဆင့်ဆင့်ကို စနစ်တကျ ဖွဲ့စည်းပေးထားပြီးဖြစ်၍ စီမံခန့်ခွဲရေးယန္တရားများ စနစ်တကျ

စာမျက်နှာ ၁၀ ကော်လံ ၁



ပဲခူးတိုင်း ရွှေကျင်မြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီးတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကိုတွေ့ရစဉ်။

(သတင်းစဉ်)

16-3 (4).p65 1 3/24/05, 9:01 PM

ဒီမိုကရက်တစ်ပါတီညီလာခံ၌ ဘလဲမိန့်ခွန်းပြောကြားစဉ်

မန်ချက်စတာမြို့၌ လူ ၃၀၀၀ ခန့် အီရတ်စစ်ပွဲဆန့်ကျင်ဆန္ဒပြ

မန်ချက်စတာ (အင်္ဂလန်) မတ် ၁၃

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက သူ၏အာဏာရ လေဘာပါတီနှင့် တွေ့ဆုံပွဲ၌ မိန့်ခွန်းပြောကြားချိန်တွင် ထောင်ပေါင်းများစွာသော အီရတ်စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများသည် အင်္ဂလန်အနောက်မြောက်ဘက်ရှိ မန်ချက်စတာမြို့လယ်၌ နှစ်နာရီကြာမျှ ဆန္ဒပြခဲ့ကြသည်။

အဆိုပါ မန်ချက်စတာမြို့တွင် ဝန်ကြီးချုပ်ဘလဲသည် လေဘာပါတီ၏ နွေဦးရာသီညီလာခံ၌ တက်ရောက်လာသော လေဘာပါတီကိုယ်စားလှယ်များကို မိန့်ခွန်းပြောကြားခဲ့သည်။ ဆန္ဒပြပွဲစီစဉ်သော စစ် ရပ်တန့်ရေးအပေါင်းပါအဖွဲ့က ဆန္ဒပြသူ ၃၀၀၀ ခန့် ရှိကြောင်းပြောဆိုပြီး အပေါင်းပါအဖွဲ့ပြောရေးဆိုခွင့်ရှိသူက လုံးဝဥဿုံ ဘေးဒုက္ခအန္တရာယ်တစ်ခုအဖြစ် ရောက်ခဲ့ရသောစစ်ပွဲကို မိမိတို့ကန့်ကွက်ရန် ကြိုးပမ်းနေကြောင်း ပြောဆိုသည်။

အချိန်ရောက်

မိမိတို့ဝန်ကြီးချုပ်သည် လက်မခံနိုင်လောက်အောင် အစွမ်းကုန်လိမ်ညာပြီး စစ်ပွဲ၌ပါဝင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယနေ့မိမိတို့သည် တိုနီဘလဲအား ထွက်သွားရန်အချိန်ရောက်ပြီဟုပြောကြားကြောင်း ၎င်းကပြောဆိုသည်။ ဘလဲသည် အီရတ်စစ်ပွဲတွင် အမေရိကန်၏ အရင်းနှီးဆုံးအပေါင်းပါဖြစ်ခဲ့ပြီး ဗြိတိသျှတပ်ဖွဲ့ဝင် ၄၀၀၀၀ ခန့်ကို အီရတ်စစ်မြေပြင်သို့ ပို့ခဲ့သည်။ ဝန်ကြီးချုပ် ဘလဲက ဆက်ဒမ်သည် တရားမဝင်သော ဓာတုနှင့်ဇီဝလက်နက်များကို သိုလှောင်ထားခြင်းကြောင့် စစ်ပွဲဆင်နွှဲရန်လိုအပ်ကြောင်း မရအရပြောဆိုခဲ့သည်။ စစ်ပွဲပြီးသည့်နောက် အဆိုပါလက်နက်များ ရှာမတွေ့သည့်အခါ သူ့အပေါ်လူကြိုက်နည်းခဲ့သည်။ **(အင်တာနက်)**

မတ် ၁၄ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ် ဆိုင်တစ်ဆိုင်အပြင်ဘက် ဗုံးပေါက်ကွဲ

အီရတ်အချို့ ပြင်းထန်စွာ ဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၁၄

ဘဂ္ဂဒက်မြို့လယ်ရှိ အရောင်းအဝယ်ဖြင့် လူစည်ကားသောနေရာတစ်ခုတွင် ဆိုင်တစ်ဆိုင်၏ အပြင်ဘက်၌ ဗုံးတစ်လုံးပေါက်ကွဲသဖြင့် လူအနည်းငယ် ဒဏ်ရာရရှိသွားကြောင်း၊ အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သယ်ယူ

ဘဂ္ဂဒက်မြို့၏ အရောင်းအဝယ်ဖြင့် လူစည်ကားရာ ကာရာဒါအရပ်တွင် အဝတ်အထည်ရောင်းသော ဆိုင်အပြင်ဘက်၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူအချို့ကို ဆေးရုံသို့သယ်ယူသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

စုံစမ်းနေ

မျက်မြင်တွေ့ရှိသူအချို့ကလည်း ယင်းပေါက်ကွဲမှုတွင် လူတစ်ဦးသေဆုံးသည်ဟု ပြောဆိုကြသည်။ အမေရိကန်စစ်ဘက်ပြောခွင့်ရှိသူက ပေါက်ကွဲမှုကို စုံစမ်းနေကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

တီကရစ်၌ ဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

တီကရစ် မတ် ၁၃

ဘဂ္ဂဒက်မြောက်ဘက်ရှိ တီကရစ်မြို့တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

ပစ်မှတ်ထား

တီကရစ်မြို့လယ်၌ အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားသောပေါက်ကွဲမှု နံနက် ၅ နာရီ၌ ဖြစ်ပွားခဲ့ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။ သေဆုံးသူ သို့မဟုတ် ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင်များမှာ အမှတ်(၁၈) ခြေမြန်တပ်ရင်းမှ ဖြစ်ကြသည်ဟုဆိုသည်။ ပေါက်ကွဲမှုဖြစ်ရသည့် အကြောင်းကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

တွေ့ရှိ

ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့၌ ယင်းဒေသအတွင်း ကင်းလှည့်စဉ်နှင့် ရုတ်တရက်ဝင်ရောက်စီးနင်းစဉ်အတွင်း မသင်္ကာဟုဆိုကာ အမေရိကန်စစ်တပ်က လူ ၁၁ ဦးကိုဖမ်းဆီးကာ လက်နက်မျိုးစုံကို သိမ်းဆည်းခဲ့သည်။

ဖျက်ဆီး

ကြာသပတေးနေ့၌ ကယ်ကွတ်မြို့တွင်ရှိသော စစ်ဆင်ရေးအခြေစိုက်စခန်းကို ချိန်ရွယ်ထားသော ဒုံးကျည် ၁၉ စင်းကို အမှတ်(၂၁) ခြေမြန်တပ်ရင်းက ရှာဖွေတွေ့ရှိပြီး ဖျက်ဆီးပစ်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

လုံခြုံရေးဆောင်ရွက်

မတ် ၁၄ ရက်က ဖော်လူဂျာမြို့တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်သူများ လုံခြုံမှုရှိရေး ကန်တပ်ဖွဲ့၌ တာဝန်ရှိ

ဘဂ္ဂဒက် မတ် ၁၄

အီရတ်၌ ယာယီဖွဲ့စည်းပုံဥပဒေများကို ယခင်ကထုတ်ပြန်ခဲ့သော်လည်း ယခုကဲ့သို့ဥပဒေမရှိခဲ့ကြောင်း သိရသည်။ ကူးပြောင်းရေးကာလ အုပ်ချုပ်မှုဥပဒေအရ ကြားဖြတ်ဖွဲ့စည်းပုံဥပဒေသည် အလိုအလျောက်တရားဝင် ဖြစ်လာသည်။

ယင်းလက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်သည် ဖွဲ့စည်းပုံဥပဒေမဟုတ်ကြောင်း၊ ယင်းသည် ယာယီဥပဒေတစ်ရပ်သာဖြစ်ကြောင်း၊ ကြားဖြတ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ယခုလ ၅ရက်၌ လက်မှတ်ရေးထိုးရန် ငြင်းဆိုခဲ့သည့် အာမက်ချာလာဘီက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုများဖြစ်ပြီး နောက်ပိုင်း အစိုးရဖွဲ့စည်းပြီးသည်အထိ တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာဖွယ်ရှိရာ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်အေးချမ်းမှု ပြန်လည်ရှိလာစေရေးသည် ထိလွယ်ခိုက်လွယ်ပြီး ကူးပြောင်းရေးကာလ ကြာရှည်နိုင်သည်ဟု ဆိုသည်။

အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်နိုင်ငံပြည်သူများ၏ လုံခြုံမှုရရှိစေရေး အတွက် တာဝန်ရှိရာ ယခုအချိန်မှ အုပ်ချုပ်ရေး လွှဲပြောင်းပေးပြီးချိန်အထိ တာဝန်ယူရမည်ဖြစ်သည်။ **(စီစီတီဗွီ)**

အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းမှု

တရုတ်နိုင်ငံ ပိုမိုဆောင်ရွက်မည်

ပေကျင်း မတ် ၁၃

တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာတောင့်တင်းအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီး ဘိုဆီလာယီက ဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။

မစ္စတာဘိုသည် ဟောင်ကောင်၊ ဂျပန်၊ အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံတို့မှ ဧည့်သည်တော်များနှင့် တွေ့ဆုံရာတွင် ယင်းသို့ ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။ နှစ်နိုင်ငံ ကုန်သွယ်ရေးနှစ်ပတ်လည်ကြီးထွားမှုသည် လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၂ဒသမ ၅ဘီလီယံအထိ ၃၅ရာခိုင်နှုန်းရှိခဲ့ပြီး ယင်းအတွက် အားတက်စေခဲ့ကြောင်းနှင့် နှစ်နိုင်ငံအနေဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုတိုးတက်သည်ကို မြင်တွေ့မည်ဟု မိမိမျှော်လင့်ကြောင်း ဝန်ကြီးက တရုတ်ပြည်ဆိုင်ရာ ပါကစ္စတန်သံအမတ် ရေးဇ်မိုဟာမက်ခန်အား ပြောသည်။ တရုတ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းသည် ပါကစ္စတန်၏ ဦးစားပေးလုပ်ငန်းဖြစ်ပြီး ဤသည်မှာ မိမိတို့အတွက်ရော ဒေသအတွက်ပါ ကောင်းမွန်ကြောင်း ပါကစ္စတန်သံအမတ်ရေးဇ်က ပြောသည်။

အမ်အင်အေ၊ဆင်ဟွာ

အေသင်၌ အိုလံပစ်ပွဲတော်ကျင်းပရန် လုံခြုံရေးအစီအစဉ်များ အထူးဆောင်ရွက်နေ

အေသင် မတ် ၁၄

အိုလံပစ်အားကစားပွဲတော်များ စတင်ပေါက်ဖွားရာ ဂရိနိုင်ငံ အေသင်မြို့၌ အိုလံပစ်ပွဲတော်ကျင်းပရန် ငါးလခန့်သာလိုတော့သည့်အချိန်၌ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများလည်း တိုးပွားလာသည်။ အနောက်တိုင်းယဉ်ကျေးမှုအစပျိုးရာ အေသင်မြို့နှင့် ဂရိ၏ကမ်းရိုးတန်းတစ်လျှောက်သည် လုံခြုံမှုအားနည်းသည့် နေရာများဖြစ်ရာ ဂရိတို့အနေဖြင့် ပြင်ပအကူအညီရယူရန်လည်း နှောင့်နှေးတတ်ကြကြောင်း ပြောကြားနေကြသည်။

အေသင်အိုလံပစ် လုံခြုံရေးနှင့်ပတ်သက်ပြီး ဂရိတာဝန်ရှိသူများက လုံခြုံမှုအစီအစဉ်များဆောင်ရွက်နေကြပြီး နိုင်ငံတကာလုံခြုံမှုဆိုင်ရာကျွမ်းကျင်မှုနှင့် ပစ္စည်းကိရိယာများလည်း ထောက်ပံ့ပေးမည်ဖြစ်သည်။ အိုလံပစ်အားကစားပွဲဆိုင်ရာ အဆောက်အအုံများတည်ဆောက်ရေး နှောင့်နှေးနေမှုက အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့များ လေ့ကျင့်မှုအတွက် အဟန့်အတားဖြစ်သည်။ နိုဝင်ဘာလက တူရကီ၌ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကြောင့် ဂရိအိုလံပစ်ပွဲတော်လုံခြုံရေးစီစဉ်သူများ အထိတ်တလန့်တကြားဖြစ်ခဲ့ရပြီး လွန်ခဲ့သောလေးနှစ်၌ ကျင်းပခဲ့သည့် ဆစ်ဒနီအိုလံပစ်ပွဲတော်လုံခြုံရေးစရိတ်ထက် သုံးဆပိုမိုကုန်ကျခံသုံးစွဲမည်ဖြစ်သည်။

(စီအင်န်အင်န်)

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ များကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ ကျူးကျော်စစ်ပွဲအတွင်း အီရတ်ပြည်သူအများအပြား သေကျေခဲ့ကြရ

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှစပြီး အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်နိုင်ငံကို မတရားကျူးကျော်တိုက်ခိုက်သိမ်းပိုက်မှုကြောင့် အီရတ်ပြည်သူအများအပြားသေဆုံး ဒဏ်ရာရရှိခဲ့ကြသည်။ ကျူးကျော်စစ်ကြောင့် အီရတ်နိုင်ငံနှင့် ပြည်သူများအတွက် မားမားမတ်မတ် ကာကွယ်စောင့်ရှောက်နေသည့် အီရတ်တပ်မတော်လည်း ပြိုကွဲခဲ့ရသဖြင့် ပြည်သူတို့ ခိုကိုးရာမဲ့ဖြစ်ခဲ့ရသည်။ မိဘမဲ့ဘဝ ရောက်ကြရသော ကလေးငယ်များလည်း အီရတ်တစ်နိုင်ငံလုံးတွင် ထောင်နှင့်ချီပြီးရှိခဲ့ကြသည်။

ဒဏ်ရာရ

ဖေဖော်ဝါရီ ၁၅ ရက်က ဘဂ္ဂဒက်မြို့၌အမေရိကန် တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ဒဏ်ရာရရှိသည့် အီရတ်တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆေးကုသမှုခံယူ

ဖေဖော်ဝါရီ ၂၁ ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦး ဆေးကုသမှုခံယူနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)



ဆေးကုသ

ဖေဖော်ဝါရီ ၂၂ ရက်က ကယ်ကွတ်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦး ဆေးကုသမှုခံယူနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဆေးကုသနေရ

ဖေဖော်ဝါရီ ၁၄ ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ မဆင်မခြင် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦး ဆေးကုသမှု ခံယူနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဒဏ်ရာရ

မတ် ၂ ရက်က ဘာကူဘာမြို့တွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကျူးကျော်စစ်ကြောင့် အီရတ်ပြည်သူတို့ သေကျေခဲ့ရမှု

အမေရိကန်တို့၏ ကျူးကျော်မှုကြောင့် ၂၀၀၄ခုနှစ် မတ်လအထိ အပြစ်မဲ့ အီရတ်ပြည်သူများ သေကျေခဲ့ရမှုကို အောက်ပါဇယားဖြင့် ဖော်ပြလိုက်ပါသည်။

အကြောင်းအရာ	သေဆုံးသူဦးရေ
ဆင့်ကဲပေါက်ဗုံးများကြောင့်သေဆုံးမှုများ	၂၇၉
ကလေးများသေဆုံးမှုများ (၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၄ ခုနှစ် မတ်လအထိ)	၉၃
လေကြောင်းတိုက်ခိုက်မှုကြောင့် အီရတ်တို့သေဆုံးမှုများ (၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၄ ခုနှစ် မတ်လအထိ)	၁၁၈၇
အမေရိကန်နှင့်အပေါင်းပါတပ်များ မဆင်မခြင်ပစ်ခတ်မှုကြောင့်သေဆုံးမှုများ	၂၁၂
အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲအတွင်း အီရတ်တို့ သေဆုံးမှုများ (၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၄ မတ်လထိ)	၁၀၃၆၄
အီရတ်စစ်ပွဲအတွင်းအီရတ်စစ်မှုထမ်းများ သေဆုံးမှု	၁၀၀၀၀
စုစုပေါင်း	၂၂၁၃၅

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆို

ပြည်သူနှင့် တပ်မတော် လက်တွဲဖောက်လုပ်ခဲ့သည့် ကလေး-ဂန့်ဂေါ ရထားလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တိုင်းရင်းသားပြည်သူများ ဤသို့ တစ်ခဲနက်တက်ရောက်ခဲ့ကြသည်။

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်တွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ပြည်သူနှင့် တပ်မတော်တို့ လက်တွဲ၍ မကွေး-တောင်တွင်းကြီးရထားလမ်းကို ဖောက်လုပ်ခဲ့သည်။

ပြည်သူနှင့်တပ်မတော် ပူးပေါင်းဖောက်လုပ်ခဲ့သည့်လမ်းများ

စဉ်	ပြည်နယ်/ တိုင်း	မီးရထားလမ်း	မော်တော်ကားလမ်း
၁။	မကွေးတိုင်း	မကွေး-တောင်တွင်းကြီး ဂန့်ဂေါ-ရေမျက်နီ နတ်ချောင်း-ဂန့်ဂေါ ပခုက္ကူ-မင်းရွာ ပခုက္ကူ-မြို့စိုး-ဓါးပြား အောင်လံ-ဆတ်သွား	ပုသိမ်-မုံရွာ သရက်-မင်းတုန်း ပခုက္ကူ-ကျွန်းချောင်း-ဆိပ်ဖြူလမ်း
၂။	စစ်ကိုင်းတိုင်း	ဘုတလင်- ရေဦး-ခင်ဦး ကလေး-နတ်ချောင်း နတ်ချောင်း-ဂန့်ဂေါ	ကလေးဝ-တမူး သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီး ကလေး-ကျီးကုန်းလမ်း လေးရှီး-ပန်ဆပ်-ဆွမ်ပရာဘွမ် လဟယ်-ယမ်းကျုံးလမ်း လဟယ်-ဆော့လော်-ပုံညိုလမ်း လောင်ငေါ်င်-အရီးကျိန်လမ်း မော်လိုက်-ပြောင်ဘုတ်-စော်ဘွား-ရေရှင် ပုံညို-စပ်ဖောင်-အရီးကျိန်လမ်း အရီးကျိန်-တန်ပါခွေလမ်း ပုံညို-ကျွန်းဆောင်-အရီးကျိန်လမ်း
၃။	ရခိုင်ပြည်နယ်	-	ရန်ကုန်-စစ်တွေ

ရန်ကုန်-စစ်တွေ ကားလမ်း

ရန်ကုန်-စစ်တွေ ကားလမ်းမကြီး ဖောက်လုပ်ရာတွင် တပ်မတော်သားများ ပါဝင်ဖောက်လုပ်ခဲ့ကြသည်။

လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် ပြည်သူနှင့် တပ်မတော် ပူးပေါင်း၍ တောင်ငူမြို့နယ်တွင် ခပေါင်းတံတားကို ဤသို့ တည်ဆောက်ထားသည်။

နိုင်ငံတစ်ဝန်း တည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
တံတား(ပေ၁၈၀အထက်)	၁၆	၁၆၈
ရထားသံလမ်း(မိုင်)	၂၇၉၃	၃၉၀၆
လေယာဉ်ကွင်း	၂၁	၂၇
ဂျက်လေယာဉ်ကွင်း	၆	၁၉

တပ်မတော်၏ အောင်ပွဲရ သမိုင်းဝင်စစ်ဆင်ရေးများ

၁၉၄၈ ခုနှစ် နောက်ပိုင်း ဖြစ်ပေါ်ခဲ့သော နိုင်ငံ့လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးရမည့် အန္တရာယ်ကို တပ်မတော်သည် အကြိမ်ကြိမ် ကာကွယ်ခဲ့ရသည်။ အာဏာရ ဖဆပလအစိုးရအဖွဲ့အတွင်း အကွဲအပြဲများကြောင့် ဖြစ်ပေါ်လာခဲ့ရသော ပြည်တွင်းသောင်းကျန်းမှုများကို တပ်မတော်ကဖြေရှင်းနေရချိန်တွင် တစ်ဖက်က ကူမင်တန်တရုတ်ဖြူတို့၏ ပြည်ပကျူးကျော်မှုကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ ၁၉၄၉–၅၀၊ ၁၉၅၈–၅၉၊ ၁၉၆၂ ခုနှစ်များတွင် တိုင်းပြည်လွတ်လပ်ရေး ပြန်လည် ဆုံးရှုံးရမည့်အရေးတို့ကို တပ်မတော်က စဉ်ဆက်မပြတ် ကာကွယ်ခဲ့ရသည်။

၁၉၆၂ခုနှစ်နောက်ပိုင်းသည် ဘက်စုံပြင်ဆင်ပြောင်းလဲခဲ့ရသည့် ကာလပင် ဖြစ်လေသည်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားအား ပြည်သူ့ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားသို့ ပြောင်းလဲရေး၊ နိုင်ငံခြားသားလက်တွင်းမှ အမျိုးသားစီးပွားရေးကို ပြည်သူပိုင်စီးပွားရေးအသွင်သို့ ပြောင်းလဲရေး၊ ပြည်သူတို့၏ စားဝတ်နေရေး လိုအပ်ချက်များကို တစ်စုံတစ်ရာသော အတိုင်းအတာအထိ ဖြည့်ဆည်းရေး အစရှိသော ကြီးမားလှသည့် လုပ်ငန်းတာဝန်ကြီးများကို ဆောင်ရွက်ရသော အချိန်ကာလအပိုင်းအခြားပင် ဖြစ်သည်။

တပ်မတော်သည် အဆိုပါလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေချိန်၌ပင် ပြည်တွင်းဆူပူသောင်းကျန်းမှုများကို ရင်ဆိုင်ခဲ့ရသည်။ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်မှုမရှိခဲ့ခြင်းကြောင့် တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည် မဖော်နိုင်ခဲ့ချေ။ သောင်းကျန်းသူများကိုသာ အမြစ်ဖြတ်ရှင်းလင်းနိုင်ရန် အဓိကထား ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။

ထိုကာလတွင် ပြည်သူလူထု၏ ပါဝင်ကူညီမှုဖြင့် ဆင်နွှဲခဲ့သော တပ်မတော်၏စစ်ဆင်ရေးကြီးများသည် ထူးထူးခြားခြားအောင်မြင်ခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးရိုးမဒေသများမှ သောင်းကျန်းသူများအား အမြစ်ပြတ်သည်အထိ ရှင်းလင်းနိုင်ခဲ့သည်။

တပ်မတော်ကို မျိုးချစ်စိတ်ဓာတ်၊ စည်းကမ်းနှင့် သစ္စာရှိသူများ၊ ကိုယ်ကျိုးစွန့်သူများဖြင့် ဖွဲ့စည်းထားသည်။ သောင်းကျန်းသူများကို နှိမ်နင်းရာတွင် တပ်မတော်နှင့် ပြည်သူသည် တစ်သားတည်းရှိခဲ့သည်။ တပ်မတော်သည် ပြည်သူ၏ သားဖြစ်သည်။ ပြည်သူသည် မိမိ၏ရင်နှစ်သားကို အမြဲမပြတ် ဖေးမကူညီသည်။ ထို့ကြောင့် တပ်မတော်သည် အောင်ပွဲ အလီလီ ရရှိခဲ့ခြင်း ဖြစ်သည်။

၁၉၆၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း တပ်မတော်သည် မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမတစ်ကြောရှိ ဗကပများကို စစ်ဆင်ရေးကြီးများ ဆင်နွှဲ၍ တိုက်ခိုက်ရှင်းလင်းချေမှုန်းခဲ့ရသည်။ အဆိုပါစစ်ဆင်ရေးကြီးများတွင် တပ်မတော်သည် တပ်မတော်၏ အစဉ်အလာကောင်း (၁၂)ရပ်နှင့်အညီ သောင်းကျန်းသူများကို ရှုပ်ရှုပ်ချွချွတိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူ အများအပြားသေဆုံးပြီး လက်နက်ခဲယမ်း အများအပြားကို သိမ်းဆည်းရမိခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၆၂ ခုနှစ် ဇွန်လခန့်တွင် ဖြူးချောင်းဒေသအပါအဝင် ပဲခူးရိုးမရှိ ဗကပဗဟိုဌာနချုပ်တွင် အင်အား ၅၀၀ ခန့်ဖြင့်လှုပ်ရှားခဲ့သည်။ အခြားရောင်စုံသောင်းကျန်းသူများကလည်း အင်အား ၁၅၀၀ခန့်ဖြင့် တောင်ငူခရိုင်၊ ပဲခူးခရိုင်များတွင် သောင်းကျန်းလျက်ရှိသည်။ တပ်မတော်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ဟောမန်ဦး၊ သူရိန်၊ မာဃ၊ ရိုးမ၊ မယော်၊ မဟော်၊ ဒေါနု၊ မိုးကြိုး၊ မိုးသိန်း၊ ဆောင်း၊ မီးခိုး၊ ကျား၊ မြဖြူ၊ အောင်သူရ၊ ရန်ရှင်း၊ ရောင်နီ၊ ဇေယျ၊ ဒေသန္တရ၊ အောင်စကြာ၊ ဒေဝေါ၊ ဂဠုန်ပြန် စစ်ဆင်ရေးကြီးများဖြင့်လည်းကောင်း၊ ဒေသန္တရ စစ်ဆင်ရေး ၂၀ဖြင့်လည်းကောင်း သောင်းကျန်းသူများကို တိုက်ခိုက် ချေမှုန်းခဲ့သည်။ တောင်ငူခရိုင် ခပေါင်းချောင်းအနီးရှိ ပွင့်ဦးတဲစခန်း၌ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ စုဝေးသည်ကို လေထီးတပ်၊ ခြေလျင်တပ်နှင့် ဗားတော(VERTOL) ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ခဲ့သည်။ ထိုစစ်ဆင်ရေးများကြောင့် သောင်းကျန်းသူ အများအပြားသေဆုံးပြီး ၁၂၄ဦး ဖမ်းဆီးရမိခဲ့သည်။

ဇွန်လ ၁၁ရက်နေ့တွင် တော်လှန်ရေးကောင်စီက တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးရန်ကမ်းလှမ်းခဲ့သည်။ ထိုကမ်းလှမ်းချက်သည် ဗကပဗဟိုကော်မတီနှင့် အဝေးရောက်ဗဟိုကော်မတီအတွင်း များစွာဂယက်ရိုက်ခတ်သွားခဲ့ပြီး ဗကပသည် နိုင်ငံရေးအရ အမြတ်ထုတ်ရန်ကြိုးစားခဲ့သည်။ ၁၉၆၃ ခုနှစ် ဇွန်လမှ နိုဝင်ဘာလအထိဖြစ်သော ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကာလအတွင်း ပြည်တွင်းဗကပ ဗဟိုကော်မတီနှင့် အဝေးရောက် ဗကပဗဟိုကော်မတီတို့ အဆက်အသွယ်ရရှိရေးလုပ်ဆောင်ခြင်း၊ အခြား လက်နက်ကိုင်တောတွင်း အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ မြေပေါ်ရှိ ကွန်မြူနစ်ပါတီလိုလားသူ လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။ ယင်းလုပ်ရပ်များကြောင့် တွေ့ဆုံဆွေးနွေးပွဲမှာမူ အောင်မြင်မှုမရခဲ့ချေ။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ သောင်းကျန်းသူများကို တပ်မတော်သည် မဟော်၊ သီတာ၊ ထိပ်ခေါင်၊ လွင်နိုင်၊ အောင်သပြေ (၁)၊ (၂)၊ (၃)၊ (၄)၊ မာဃ၊ ချိုးဖြူ၊ ရိုးမ(၁)၊ (၂)၊ (၃)၊ (၄)၊ ဝရဇိန်၊ ဒုံးပျံ (၁)၊(၂)၊(၃)၊(၄)၊ နှင်းဆီခိုင်စစ်ဆင်ရေးများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်။ ဗကပဗဟိုဌာနချုပ် အပါအဝင် ကွန်မြူနစ်များကိုမူ ရိုးမ၊ဘူမိ၊သိန်းသန်း၊အနောက်တောင်၊ မိုးကူး၊ အောင်သပြေ(၂)၊ နဂါး၊ ခေတ္တရာ၊ မာဃ၊ဆင်မင်းစစ်ဆင်ရေးများနှင့် အခြားဒေသန္တရ စစ်ဆင်ရေးများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်။ အဆိုပါနယ်မြေများအတွင်း စစ်ဆင်ရေးစုစုပေါင်း (၅၄)ကြိမ်ပြုလုပ်ခဲ့ပြီး သောင်းကျန်းသူများဘက်မှ သေဆုံးသူ ၆၄ဦး၊ ဖမ်းမိသူ ၁၂၄ဦးနှင့် လက်နက်ချသူ ၂၅၇ဦး ရှိခဲ့သည်။

ဤသို့ စစ်ဆင်ရေးများစွာတွင် အောင်ပွဲဆင်နိုင်ခဲ့ခြင်းမှာ တပ်မတော်၏ သူရသတ္တိပြောင်မြောက်မှု၊ အခက်အခဲအကျပ်အတည်းမှန်သမျှ ရင်ဆိုင်ကျော်လွှားနိုင်မှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံနိုင်မှုတို့ကြောင့် ဖြစ်သည်။ တပ်မတော်၏အစဉ်အလာအရ စိတ်ဓာတ်ရေးရာအားမာန်တို့သည် တိုက်ပွဲအောင်မြင်ရေးအတွက် လက်နက်ကောင်းများ ဖြစ်ခဲ့သည်။



၁၉၆၉ ခုနှစ် မြစ်ဝကျွန်းပေါ်ဒေသ စစ်ဆင်ရေးများတွင် တပ်မတော်(ရေ)ကလည်း တိုက်ရေယာဉ်များဖြင့် ဤသို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

၁၉၆၄ ခုနှစ် နှစ်လယ်ပိုင်း ဇွန်၊ ဇူလိုင်လခန့်မှစ၍ သောင်းကျန်းသူများသည် တော်လှန်ရေးကောင်စီ အစိုးရ၏ စီးပွားရေးအပိုင်းတွင် အကျပ်အတည်းဖြစ်ပေါ်စေရန် ပြည်သူ့ဆိုင်များကို လုယက်ဖျက်ဆီးခြင်း၊ ရထားလမ်း ဗုံးထောင်ခြင်း၊ ကားဗုံးခွဲခြင်း၊ ကျေးရွာ ကော်မတီဝင်များကို သတ်ဖြတ်ခြင်း၊ အင်အားနည်းပါးသော တပ်မတော်စခန်းများကို ဝင်ရောက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

စိုးသိန်း (မြန်မာ့အလင်း)

၁၉၆၄ခုနှစ်တွင် မြန်မာနိုင်ငံအောက်ပိုင်း၌ ဆူပူလှုပ်ရှားလျက်ရှိသော ဗကပသောင်းကျန်းသူများအား ယင်းမာ၊ အောင်၊ အောင်သပြေ၊ နဂါး၊ သီဟ၊ သပြေ၊ ခေတ္တရာ၊ ခပေါင်း၊ မြတ်သူ၊ ခင်အေး၊ မဟာ၊ မိုးကြိုး၊ အောင်မြေစသော စစ်ဆင်ရေးများပြုလုပ်နှိမ်နင်းခဲ့ရာ သောင်းကျန်းသူ ၁၂၄ဦးကျဆုံး၍ ၉၈ဦးဒဏ်ရာရရှိကာ ၂၂၁ဦး ဖမ်းဆီးရမိခဲ့သည်။ မြန်မာနိုင်ငံအောက်ပိုင်း၌ အလံနီများကိုလည်း သူရိန်၊ တေဇ၊ လင်္ကာဒီပ၊ မြတ်သူအဆင့်(၂)နှင့်(၃)၊ မုန်တိုင်း စသော စစ်ဆင်ရေးများဖြင့် ဆင်နွှဲတိုက်ခိုက်ရာ အလံနီ ၃၁ဦးကျဆုံး၍ ၂၀ ဦးကို ဖမ်းဆီးရမိသည်။ အရှေ့တောင်တိုင်း စစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့်အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေများအတွင်း ဆူပူလှုပ်ရှားလျက်ရှိသော သောင်းကျန်းသူများကိုလည်း သီဟ စစ်ဆင်ရေးနှစ်ခု၊ အောင်စိုး၊ အောင်သပြေ၊ ချိုးဖြူ၊ စောအောင်၊ စံအေး၊ ဒုံးပျံ၊ အောင်သူ၊ အောင်ငြိမ်း၊ ဆင်ကြီး၊ ဒေသန္တရ၊ တိုက်မောင်း၊ မာဃ၊ ဇေဒါ၊ ဆောင်းဟေမန်၊ အေးကျော်၊ သံလက်သီး၊ ဆိုက်ကလုံး၊ ခင်အေး၊ သံမဏိ၊ ဒါးကနို၊ မြဇ၊ တိုင်းအောင်၊ စိန်ဦးနိုင်၊ ဘောလယ် စသော စစ်ဆင်ရေးများဖြင့် ထိုးနှက် နှိမ်နင်းရာ သောင်းကျန်းသူ ၂၀၃ဦးကျဆုံး၍ ၃၀၀ကို လက်ရဖမ်းဆီးမိသည်။

၁၉၆၅ ခုနှစ်တွင် ဗကပဗဟိုကော်မတီဝင်များသည် သရက်၊ တောင်ငူနှင့် ပြည်ခရိုင်ဒေသများအတွင်း ခိုအောင်းလှုပ်ရှားခဲ့ကြသည်။ အလံနီ ကွန်မြူနစ်ပါတီသည်လည်း တပ်မတော် စစ်ကြောင်းများအား နည်းအမျိုးမျိုးဖြင့် ရှောင်တိမ်းခဲ့သည်။ ယင်းနှစ်အတွင်းတွင် တပ်မတော်ကလည်း မြန်မာနိုင်ငံအောက်ပိုင်းရှိ ဗကပ သောင်းကျန်းသူများကို ယင်းမာ၊ တိုင်းလုံးအောင်၊ ပိတုံး၊ ဝိုင်းမော်၊ မြတ်လေး၊ မင်းအောင်၊ လုပ်အား၊ မိုးသီး၊ ပိုက်ကြိုး၊ မြိုင်၊ ထူးအောင်၊ လက်ကြား၊ ဒေါင်းမင်း၊ မုန်တိုင်း၊ လင်းယုန်၊ဒေသန္တရ၊ဗလ၊ မင်းရောင်၊ ပြည်ကျော်၊ မြဦး၊ ပျံလွှား၊ မင်းကျော်၊ မိုးကျော် စစ်ဆင်ရေးများ ဆင်နွှဲချေမှုန်းရာ ဗကပ ၁၉၄ဦးကျဆုံး၍ ၃၃၅ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဤသို့လျှင် တပ်မတော်သည် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေးအတွက် သောင်းကျန်းသူများကို စဉ်ဆက်မပြတ် တိုက်ခိုက် ရှင်းလင်းခဲ့ရသည်။ တော… ရာသီဥတု ခက်ထန်ခြင်း၊ အစာငတ်… ဒုက္ခအမျိုးမျိုး တွေ့ကြုံရခြင်းစသော… သော်လည်း ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံ… အသက်ကိုပင်ပေးဆပ်ပါမည်ဟု… ရည်မှန်းချက်ပန်းတိုင်ကို မဆုတ်မန… ထို့ကြောင့် အောင်ပွဲအလီလီ ရရှိခဲ့ခြ…

၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၉… ကြံတိုင်းအောင်စစ်ဆင်ရေးဖြင့် ပဲခူးရိ… ဓိးကုန်းနှင့် နတ်တလင်းမြို့နယ်များအ… စစ်ဆင်တိုက်ခိုက်သည်။ ဗကပဗဟို… စစ်ဆင်ရေးကာလနှစ်လအတွင်း နတ်… တွင် စခန်းပေါင်း ၁၂ နေရာမျ… သာယာဝတီ ခရိုင်ရုံးနှင့် ဓိးကုန်းမြို့… သေဆုံး၍ အများအပြား ဖမ်းဆီးခံခဲ့…

၁၉၆၇ ခုနှစ် ဩဂုတ်လ ၂ရ… အခြေစိုက်ရာ ပဲခူးရိုးမရှိ သာယာ… တပ်မတော်က မော်နိုင်စစ်ဆင်ရေးဖြင့် … ရေး ကာလအတွင်း ဗကပဗဟိုဌာနချ…

၁၉၇၀ ပြည့်နှစ် မြစ်ဝကျွန်းပေါ်ဒေ… လက်တွဲ၍ သောင်းကျန်းသူများအ…

ဝါးနက်ချောင်းဖျား၊ ထိုမှ အထက်မယ… ကြိုးဝိုင်းစသည်ဖြင့် သာယာဝတီခရိုင်၊… ဒေသအတွင်း၌ပင် လှည့်လည်ပြောင်း…

၁၉၆၈ ခုနှစ်တွင် ပဲခူးရိုးမရှိ… မိုးကြိုးစသော စစ်ဆင်ရေးများဖြင့်လ…

အလံနီ ကွန်မြူနစ်ပါတီ ကို… အဖွဲ့တို့သည် တော်လှန်ရေးကေ… ကျောခိုင်းကာ ဤသို့တောတွင်းသို့…

တိုက်ခိုက် ရှင်းလင်းခဲ့ရသည်။ တောတောင်ခရီး ကြမ်းတမ်းခြင်း၊ ရာသီဥတု ခက်ထန်ခြင်း၊ အစာငတ်ရေငတ်ခံကာ ပင်ပန်းဆင်းရဲစွာ ဒုက္ခအမျိုးမျိုး တွေ့ကြုံရခြင်းစသော အခက်အခဲများနှင့်ရင်ဆိုင်ရသော်လည်း ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ၏တပ်မတော်အတွက် အသက်ကိုပင်ပေးဆပ်ပါမည်ဟု သစ္စာခံယူထားသည်နှင့်အညီ ရည်မှန်းချက်ပန်းတိုင်ကို မဆုတ်မနစ်ချီတက် တိုက်ပွဲဝင်ခဲ့သည်။ ထို့ကြောင့် အောင်ပွဲအလီလီ ရရှိခဲ့ခြင်း ဖြစ်သည်။

၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့တွင် တပ်မတော်သည် ကြံတိုင်းအောင်စစ်ဆင်ရေးဖြင့် ပဲခူးရိုးမဒေသ သာယာဝတီ ခရိုင်၊ ဇီးကုန်းနှင့် နတ်တလင်းမြို့နယ်များအတွင်းရှိ ဗကပဗဟိုဌာနချုပ်တို့ကို စစ်ဆင်တိုက်ခိုက်သည်။ ဗကပဗဟိုဌာနချုပ်သည် ကြံတိုင်းအောင်စစ်ဆင်ရေးကာလနှစ်လအတွင်း နတ်တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်တွင် စခန်းပေါင်း ၁၂ နေရာမျှ ပြောင်းရွှေ့ထွက်ပြေးရသည်။ သာယာဝတီ ခရိုင်ရုံးနှင့် ဇီးကုန်းမြို့နယ်တို့မှ ဗကပအများအပြား သေဆုံး၍ အများအပြား ဖမ်းဆီးခံခဲ့ရသည်။

၁၉၆၇ ခုနှစ် ဩဂုတ်လ ၂ရက်နေ့တွင် ဗကပဗဟိုဌာနချုပ် အခြေစိုက်ရာ ပဲခူးရိုးမရှိ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့ကို တပ်မတော်က မော်နိုင်စစ်ဆင်ရေးဖြင့် ဆင်နွှဲတိုက်ခိုက်သည်။ ထိုစစ်ဆင်ရေး ကာလအတွင်း ဗကပဗဟိုဌာနချုပ်သည် ဥဘက်လယ်ရွာအနီးမှ

၁၉၇၀ ပြည့်နှစ် မြစ်ဝကျွန်းပေါ်ဒေသတွင် တပ်မတော်နှင့်ပြည်သူ လက်တွဲ၍ သောင်းကျန်းသူများအား ဤသို့ ချေမှုန်းခဲ့ကြသည်။

ဝါးနက်ချောင်းဖျား၊ ထိုမှ အထက်မယင်းအနီး၊ ထိုမှတစ်ဖန် လက်ဝါးကြီးကြိုးဝိုင်းစသည်ဖြင့် သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ တောင်ညိုဒေသအတွင်း၌ပင် လှည့်လည်ပြောင်းရွှေ့နေကြရသည်။

၁၉၆၈ ခုနှစ်တွင် ပဲခူးရိုးမရှိ ဗကပများကို တေဇ၊ သီဟ၊ မိုးကြိုးစသော စစ်ဆင်ရေးများဖြင့်လည်း တိုက်ခိုက်နှိမ်နင်းခဲ့သည်။

၁၉၆၈ခုနှစ် စက်တင်ဘာလမှ ၁၉၆၉ခုနှစ် မတ်လအထိ ခုနစ်လ ကြာမြင့်ခဲ့သော တေဇစစ်ဆင်ရေးတွင် ဗကပ ဗဟိုဌာနချုပ်အား တပ်မတော်က ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ ဗကပဥက္ကဋ္ဌ အပါအဝင် ခေါင်းဆောင်များသည် ကိုယ်လွတ်ရုန်းပြီးထွက်ပြေးခဲ့ကြရသည်။

၁၉၆၉ ခုနှစ်တွင် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် သောင်းကျန်းမှု ဆန့်ကျင်ရေးအဖွဲ့များ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့များကို ဖွဲ့စည်းကာ လက်နက်တပ်ဆင်ပေးပြီး တပ်မတော်နှင့် ပူးပေါင်း၍ ဖြတ်လေးဖြတ်စနစ်ဖြင့် သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းခဲ့သည်။ ၁၉၆၉ ခုနှစ် မတ်လမှ မေလအထိ တံခွန်စစ်ဆင်ရေးကို လည်းကောင်း၊ ၁၉၆၉ ခုနှစ် မေလမှ စက်တင်ဘာလအထိ ဖွဲသတ္တိမိုးစစ်ဆင်ရေးကို လည်းကောင်း၊ ၁၉၆၉ ခုနှစ် စက်တင်ဘာလမှ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလအထိ ဖွဲသတ္တိဆောင်း စစ်ဆင်ရေးကိုလည်းကောင်း ဆင်နွှဲခဲ့သည်။

တပ်မတော်သည် အဆိုပါသမိုင်းဝင် စစ်ဆင်ရေးများတွင်လည်း အောင်ပွဲများ ရခဲ့သည်။ **တပ်မတော်သည် နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် ကာကွယ်စောင့်ရှောက်ရေးကို မွေးရာပါတာဝန်အဖြစ် ခံယူထားသည်။ ထိုခံယူချက်ကို တပ်မတော်၏အစဉ်အလာကောင်း (၁၂) ရပ်နှင့် ပေါင်းစပ်၍တိုက်ပွဲဝင်ခဲ့သဖြင့် ဤသို့ အောင်ပွဲများရရှိခဲ့ခြင်း ဖြစ်သည်။**

၁၉၇၁ ခုနှစ်တွင် ဗကပတို့သည် ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ တောင်ငူခရိုင်၊ သာယာဝတီ ခရိုင်တို့၌ လှုပ်ရှားခဲ့သည်။ တပ်မတော်သည် ထိုဒေသများရှိ ဗကပနှင့် အခြားသောင်းကျန်းသူများကို ဖွဲသတ္တိစစ်ဆင်ရေးဖြင့် ဆက်လက်တိုက်ခိုက် ချေမှုန်းခဲ့သည်။

၁၉၇၂ ခုနှစ် နှစ်ဦးပိုင်းတွင် ပဲခူးရိုးမဒေသ၌ လှုပ်ရှားလျက်ရှိသော ဗကပတို့၏ အင်အားမှာ ဗဟိုဌာနချုပ်၌ အင်အား ၈၀ အပါအဝင် စုစုပေါင်း ၅၀၀ မျှ ရှိသည်။

တပ်မတော်သည် ပဲခူးရိုးမရှိ သောင်းကျန်းသူများအား အလင်းရောင်စစ်ဆင်ရေး၊ အောင်စိုးမိုး စစ်ဆင်ရေးများဖြင့် တိုက်ခိုက် ချေမှုန်းခဲ့သည်။ စစ်ဆင်ရေး များကို ၁၉၇၂ ခုနှစ် စက်တင်ဘာလမှ စတင်ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

၁၉၇၃ ခုနှစ် မတ်လတွင် ဗကပတို့သည် မြို့သိမ်းတိုက်ပွဲများ ဆင်နွှဲရန်နှင့် မြောက်ပိုင်းသို့ နယ်မြေတိုးချဲ့ရန်အတွက်ဟုဆိုကာ မြရာပင်ကြော တောင်ပေါ်ရှိ ကွင်းချောင်းစခန်း၌ ပြန်လည် ဖွဲ့စည်းခဲ့သည်။

၁၉၇၃ ခုနှစ် ဇူလိုင်လတွင် တပ်မတော်က လျှပ်စီးစစ်ဆင်ရေး ဆင်နွှဲရာ ဇူလိုင်လ ၁၇ ရက်နေ့ နံနက်တွင် ဗကပ ဗဟိုဌာနချုပ် လေးကထိ စခန်းအား ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။ လေးကထိ စခန်းသည် ကျောက်တံခါးမြို့နယ် ဆားပြင်ရွာ၏ နောက်ကြော မြရာပင်ကြောရှိ လေးကထိမြောင်တွင် ရှိသည်။ ဗကပ ဗဟိုသည် တောင်ပေါ် ၁၄ ရွာသို့ပြောင်းရွှေ့ကာ လှည့်လည်လှုပ်ရှားနေရသည်။ တစ်ဖန် ၁၉၇၄ ခုနှစ်တွင်လည်း ဗကပ ဗဟိုဌာနချုပ်သည် တောင်ပေါ် ၁၄ ရွာမှ ပဲခူးချောင်းဖျားရှိ တောင်ပေါ်ကိုးရွာ အနီး၌ ယာယီ စခန်းချလျက်ရှိချိန် အောက်တိုဘာလ ၁၈ ရက်နေ့၌ တပ်မတော်မှ ကွန်မန်ဒိုစစ်ကြောင်းက ဝင်ရောက် တိုက်ခိုက်၍ ဗကပဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ တစ်ကွဲတစ်ပြားစီ ပြေးကြရသည်။ ထိုအချိန်မှစ၍ ပဲခူးရိုးမရှိ ဗကပများသည် တစ်စစီ ပြိုကွဲလာတော့သည်။ ၁၉၇၄ ခုနှစ် နိုဝင်ဘာလ၁ရက်နေ့တွင် ဒိုက်ဦးမြို့နယ်ရှိ ဗကပ အလင်းရောင်စခန်းကို တပ်မတော် စစ်ကြောင်း တစ်ကြောင်းက ဝင်တိုက်၍ အလင်းရောင်စခန်း ပျက်စီးသွားတော့သည်။

၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် တပ်မတော်၏ စစ်ဆင်ရေးကြောင့် ပဲခူးရိုးမဒေသရှိ ဖွတ်ကျားချောင်း၌ ဗကပဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ကျဆုံးခဲ့သည်။ ထိုအချိန်မှစ၍ ပဲခူးရိုးမ၌ ဗကပ လှုပ်ရှားမှုလုံးဝချုပ်ငြိမ်းခဲ့ရတော့သည်။

ဤသို့ဖြင့် တပ်မတော်သည် ၁၉၆၂ ခုနှစ်မှ ၁၉၇၅ ခုနှစ် ကာလများအတွင်း ပဲခူးရိုးမနှင့် မြစ်ဝ ကျွန်းပေါ်ဒေသများတွင် သမိုင်းဝင်စစ်ဆင်ရေးကြီးများ ဆင်နွှဲ၍ နိုင်ငံ့လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။

တပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်း ကာလတစ်လျှောက်လုံး လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးစေရေးအတွက် ပြည်တွင်းပြည်ပ အန္တရာယ်များကို ဖယ်ရှားရှင်းလင်းခဲ့ရသည်။ ထိုကာလများတွင် အမျိုးသားစည်းလုံးညီညွတ်မှုအားနည်း၍ နိုင်ငံရေးအုပ်စုအကွဲအပြဲများကြောင့် နိုင်ငံတော် ယိုယွင်းပျက်ပြားရမည့် အခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်။ ၎င်းအခြေအနေများတွင် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းကာကွယ်ခဲ့သဖြင့် လွတ်လပ်ရေး ပြန်လည် ဆုံးရှုံးရမည့်ဘေးမှ လက်မတင်လေးလွတ်ခဲ့ရသည်။ ထိုအချိန်များက မြန်မာနိုင်ငံ၌ ကျစ်လျစ်ခိုင်မာသော တပ်မတော်မရှိခဲ့လျှင်၊ တပ်မတော်က အမြော်အမြင်ကြီးမားစွာဖြင့် ဝင်ရောက်ထိန်းသိမ်းနိုင်ခြင်း မပြုခဲ့လျှင် ယနေ့ကမ္ဘာ့နိုင်ငံအချို့၏ ဖြစ်ရပ်များကဲ့သို့ စစ်မီးလျှံများထဲတွင် ပြည်သူများ အတိဒုက္ခရောက်ခဲ့ကြမည်သာဖြစ်သည်။

တပ်မတော်သည် အရေးကြုံလာတိုင်း နိုင်ငံနှင့်ပြည်သူတို့၏ ရှေ့မှ မားမားမတ်မတ်ရပ်တည်၍ အကာအကွယ်ပေးခဲ့သည်။ ဤသို့ဖြင့် တပ်မတော်၏ သမိုင်းအစဉ်အလာသည် ကြီးမားခဲ့သည်။ ဤသို့ သမိုင်းအစဉ်အလာကြီးမားခဲ့သော တပ်မတော်သည် နိုင်ငံတော်၏ အနာဂတ်တာဝန်များအတွက်လည်း အစဉ် အသင့်ရှိနေမည်မှာ မုချကေန် ဖြစ်ပါသည်။ ။

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ



သောင်းကျန်းသူများ၏လက်ချက်ဖြင့် ရန်ကုန်-မန္တလေး အမြန်ရထားကို မိုင်းဖောက်ခွဲခံရပြီးနောက် အပြစ်မဲ့ပြည်သူများ ဤသို့ သေကျေဒဏ်ရာရရှိခဲ့ကြသည်။

၁၉၆၉ ခုနှစ် မြစ်ဝကျွန်းပေါ်ဒေသ စစ်ဆင်ရေးများတွင် တပ်မတော်(လေ)က ဤသို့ ပါဝင်ဆင်နွှဲခဲ့ ကြသည်။

အလံနီ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့နှင့် ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့တို့သည် တော်လှန်ရေးကောင်စီနှင့် ဆွေးနွေးခြင်းကို ရပ်စဲလိုက်ပြီးနောက် ပြည်သူတို့ကို ကျောခိုင်းကာ ဤသို့တောတွင်းသို့ သူတို့ပြန်သွားခဲ့ကြသည်။

စစ်ဆင်ရေးများစွာတွင် အောင်ပွဲဆင်နိုင်ခဲ့ခြင်းမှာ တပ်မတော်၏ သူရသတ္တိပြောင်မြောက်မှု၊ အခက်အခဲ အကျပ် အတည်း မှန်သမျှ ရင်ဆိုင်ကျော်လွှားနိုင်မှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံနိုင်မှုတို့ ကြောင့် ဖြစ်သည်။ တပ်မတော်၏အစဉ်အလာအရ စိတ်ဓာတ်ရေးရာ အားမာန်တို့သည် တိုက်ပွဲအောင်မြင်ရေးအတွက် လက်နက်ကောင်းများ ဖြစ်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၄ ရက်က ပဲခူးတိုင်း ရွှေကျင်မြို့ ဆံတော်ရှင် မဟာဗုဒ္ဓ ဘုရားကြီးစေတီတော်တွင် နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်မြို့ မဟာပညာဗိမာန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝရအမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်များအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

မှန်မှန်ကန်ကန် သွက်သွက်လက်လက်လည်ပတ်နေစေရအောင် အဆင့်တိုင်း အဆင့်တိုင်းက တက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေရန်လိုကြောင်း၊ အထူးသဖြင့် အခြေခံအကျဆုံးအဆင့်ဖြစ်သည့် မြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကဏ္ဍများတွင်လည်း ကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်၍ စုပေါင်းဦးဆောင်မှု၊ စုပေါင်းအကောင်အထည်ဖော်မှုဖြင့် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ လူမှုစီးပွားရေးဘဝများ တိုးတက်မြင့်မားစေရေး ရည်မှန်းချက်ဖြင့် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် ထပ်မံမှာကြားလိုကြောင်း။

စည်းရုံးဦးဆောင်

မြို့နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် မိမိမြို့နယ်အတွင်း အခြေခံကျေးလက်ဒေသများအရောက်သွားပြီး ပြည်သူများလိုအပ်ချက်၊ လိုလားချက်များကို နည်းလမ်းရှာကြံပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်ငါးရပ် မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာပြီး ဒေသနေပြည်သူများ လက်တွေ့ အကျိုးခံစားနိုင်အောင် ဖိဖိစီးစီး ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် ယနေ့ မိမိတို့ မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်း စေရအောင် ပြည်သူများအား မှန်ကန်သောဦးဆောင်မှုဖြင့် တက်ညီလက်ညီ စည်းရုံးဦးဆောင်ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေကျင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ယင်းသို့ ရောက်ရှိနေကြသော ပြည်ပနိုင်ငံများမှ ကုမ္ပဏီများနှင့် တက်ရောက်ကြသူများမှာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ကုမ္ပဏီ ၁၉၁ ခုမှ ရတနာကုန်သည် ၄၈၂ ဦး၊ ထိုင်းနိုင်ငံကုမ္ပဏီ ၁၇ခုမှ ရတနာကုန်သည် ၅၀၊ ဂျပန်နိုင်ငံ ကုမ္ပဏီသုံးခုမှ ရတနာကုန်သည် ၁၆ ဦး၊ အီတလီနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည် တစ်ဦး၊ သီရိလင်္ကာနိုင်ငံကုမ္ပဏီသုံးခုမှ ရတနာကုန်သည် သုံးဦး၊အမေရိကန်ပြည်ထောင်စုကုမ္ပဏီ နှစ်ခုမှ ရတနာကုန်သည်သုံးဦးနှင့် စင်ကာပူနိုင်ငံ ကုမ္ပဏီခြောက်ခုမှ ရတနာကုန်သည် ၁၀ ဦးနှင့် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ကုမ္ပဏီတစ်ခုမှ ရတနာကုန်သည်တစ်ဦးတို့ ဖြစ်ကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိနေကြသော ရတနာကုန်သည်များသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ကြည့်ရှုစစ်ဆေးကြသည်။

မတ် ၁၆၊၁၇ နှင့် ၁၈ ရက်များတွင် ရတနာပြပွဲ အစီအစဉ်အတိုင်း ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတကာမှ ရတနာကုန်သည်များ စကျင်ကျောက်တွင်စွဲဝင်နေသည့် ပတ္တမြားရိုင်းကြီးကိုအသေးစိတ် ကြည့်ရှုလေ့လာနေစဉ်။ (မြန်မာ့အလင်း)

သားငါးပွံ့ဖြိုး ပြည်အကျိုး

အောင်စေတီသာသနာ့ဗိမာန်ကျောင်းဆရာတော်ကြီး သိက္ခာထပ်မွေးနေ့မင်္ဂလာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဇော်ဘွားကြီးကုန်း ၁၀ မိုင် အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး အရှင်ဘဒ္ဒန္တစတိလ၏(၈၃)နှစ်မြောက် သိက္ခာထပ်မွေးနေ့မင်္ဂလာပူဇော်ပွဲအခမ်းအနားကို မတ် ၁၈ ရက်တွင် အဆိုပါ အောင်စေတီ သာသနာ့ဗိမာန်ကျောင်း၌ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ နံနက် ၉ နာရီတွင် သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၅၉) နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုကြိုဆို လှူနာသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၁၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်တပ်မတော် ကိုယ်လက်အင်္ဂါပြန်လည် သန်စွမ်းရေးဆေးရုံ(ခုတင်-၃၀၀)သို့ လှူနာ အသုံးအဆောင်ပစ္စည်းများ ပေးအပ် လှူဒါန်းပွဲကို မတ်၁၃ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဆေးရုံ၌ ကျင်းပရာ အခမ်းအနားသို့ တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ (ခုတင်-၃၀၀)မှ ဒုတိယဗိုလ်မှူးကြီး မျိုးလှိုင်နှင့် ပါရဂူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာမန်းကုမ္ပဏီလီမိတက် နာယက ဗိုလ်မှူးချုပ်ကျော်တင့် (အငြိမ်းစား) နှင့် အလှူရှင်များက အလှူငွေကျပ် ၈၀၀၀၀၀ တန်ဖိုးရှိ လှူနာအသုံးအဆောင် ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဒုတိယ ဗိုလ်မှူးကြီးမျိုးလှိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှာင်မြို့နယ်ကော်ဖီတိုးချဲ့စိုက်ပျိုးရေးညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၁၅

ရှမ်းပြည်နယ်မြောက်ပိုင်း ရှာင်မြို့နယ်ကို ကော်ဖီမြို့တော်အဖြစ် ကော်ဖီဇကေ တစ်သောင်း တိုးချဲ့ စိုက်ပျိုးရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ရှာင်မြို့နယ်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ရှာင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်းနှင့်အဖွဲ့ဝင်များ၊ ရှာင်မြို့နယ် မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ပြင်ဦးလွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရှာင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၉ ခုမှ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ကော်ဖီ စိုက်ပျိုးရန်စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှာင်မြို့နယ် ဥက္ကဋ္ဌ ဦးဝေလင်းက ကော်ဖီစိုက်တောင်သူများအား တာဝန်ရှိဌာနများနှင့် ညှိနှိုင်းပြီး မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ရှာဖွေဖော်ထုတ်ပေးခြင်း၊ လိုအပ်သော သွင်းအားစုအထောက်အကူပြုပစ္စည်းများ ကူညီပံ့ပိုးခြင်း၊ ကော်ဖီစိုက်စရိတ်ချေးငွေများ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး မွန်းတည့် ၁၂နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်စိမ်းနှင့်ကျောက်မျက်လုပ်ကွက်များ နိုင်ငံသားပုဂ္ဂလိကကုမ္ပဏီနှင့်အသင်းများအား မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုမည့်ကြေညာချက်ထုတ်ပြန်

ရန်ကုန် မတ် ၁၅

ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ ခွင့်ပြုမိန့်ရယူ၍ တူးဖော်ထုတ်လုပ်လျက်ရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ ခုနှစ် ဇူလိုင်၊ဩဂုတ်၊ စက်တင်ဘာလများတွင် သက်တမ်းကုန်ဆုံးမည့် လုပ်ကွက်များအပြင် လစ်လပ်လုပ်ကွက်များနှင့် ဖားကန့်၊ လုံးခင်း၊ နန့်ယားဆိပ် ဒေသများတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ လုပ်ကွက်အဖြစ် သတ်မှတ်ထားသည့်သတ်မှတ်လုပ်ကွက် (အသစ်)များကို နိုင်ငံသားပုဂ္ဂလိကကုမ္ပဏီနှင့် အသင်းများအား မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ဈေးပြိုင်စနစ်ဖြင့်ခွင့်ပြုမိန့်များထုတ်ပေးရန် ကြေညာချက် တစ်ရပ်ထုတ်ပြန်ထားသည်။

အဆိုပါကြေညာချက်၌ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် နိုင်ငံသားပုဂ္ဂလိကကုမ္ပဏီနှင့် အသင်းများသည် လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူ ခြင်းကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ်(၆၆) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ၌ ယနေ့မှစ၍ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာများ ထုတ်ယူခြင်းများ ဆောင်ရွက်နိုင်ကြပြီး အဆိုပြုလွှာပုံစံများကို ယနေ့မှစတင်၍ ဧပြီ ၇ ရက်အတွင်း တင်သွင်းကြရန် ကြေညာထားသည်။

အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နှင့် မိုးကုတ်နှင့်လုံးခင်းအခြေပြု ကျောက်မျက်၊ ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်အခြေပြု ကျောက်မျက်/ကျောက်စိမ်း(စခန်းရုံး) တို့တွင် ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၃)ရက်တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၁၅

ဒဂုံမြို့သစ်တောင်ပိုင်း (၅၄)ရပ်ကွက် ကဠနာရာမ သီလရှင်စာသင်တိုက်၌ (၈)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကို ယခင်နှစ်များအတိုင်း ပဓာန နာယက တိုက်အုပ်ဆရာကြီး ဒေါ်ကဠနဝတီနှင့် နိကာယ်ငါးရပ်မှ ဝိနည်းငါးကျမ်း ဂုဏ်ထူးဆောင် ဓမ္မာစရိယ ဆရာလေး ဒေါ်နန္ဒဝတီတို့က ကိုယ်တိုင်ဦးစီး၍ သစ္စာလေးပါး+ပဋိစ္စသမုပ္ပာဒ် တရားတော်များကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ၅ရက်မှ ၁၁ရက်အထိ ခုနစ်ရက်နှင့် ဧပြီ၁၂ရက်မှ နှစ်ဆန်းတစ်ရက်နေ့အထိ သင်္ကြန်တွင်း၆ရက် ပေါင်း၁၃ရက် တိုင်တိုင် ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အောင်ဆန်းစစ်ကြောင်းတွင် ပါဝင်စစ်ရေးပြမည့် မြန်မာနိုင်ငံကြက်ခြေနီကိုယ်စားပြု စစ်ရေးပြတပ်ခွဲအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

မြရွက်နုနှင့်ဘဘိုးအို

★ ကွမ်းသီး နီရဲ၊ ပါးစပ်ထဲဝယ်
သွားမဲ့တုတ်တုတ်၊ တလှုပ်လှုပ်နှင့်
ဦးထုပ်ကိုဆောင်း၊ တုတ်တစ်ချောင်းနှင့်
တင့်မောင်းဟန်ချီ၊ သွားတော့မည်
ဘယ်ဆီသို့လဲ ဘဘိုးအို…။

★ ရင်ဖုံးအကျႌ၊ ခန့်ထည်ထည်နှင့်
အနီရောင်ဖက်၊ ပုဆိုးကွက်နှင့်
လက်လွှဲဟန်ပါ၊ စည်းလိုက်ကာလျှင်
နှုတ်လွှာချိုအေး၊ ဆိုပြန်သေးသည်
ဘာတေးသီချင်းလဲ ဘဘိုးအို။

★ ထူးခြားဆင်ပြင်၊ ဘရုပ်သွင်နှင့်
မြင်ရရွှင်လန်း၊ တစ်ခက်ပန်းကို
ပက်ဖျန်းကာလေ၊ နံ့သာရည်နှင့်
သပြေရွက်နု၊ မြသွေးလုသည်
ဘယ်သူ့အတွက်လဲ ဘဘိုးအို။

★ ဘအိုး၏မြေး၊ လူကလေးတို့
အမေးဆိုကာ၊ ကျီစယ်လာသော်
မျက်နှာချိုကြည်၊ ဘ ဖြေသည်မှာ
“ဤနေ့ခါသော်၊ ပြည်လုံးကျော်သည့်
တပ်မတော်နေ့၊ ဘ မမေ့၍
ထိုနေ့ခမ်းနား၊ ဘ အိုသွားမည်
သားငယ်တို့အတွက်၊ သပြေခက်ကို
ပေးဆက်ရန်အသင့်၊ ဆောင်ထားလင့်ပြီ
သို့နှင့်ပြီးကာ၊ ညီညီညာတည့်
မြန်မာပြည် ကာကွယ်မည်။
ငါတို့ တပ်မတော်ချီလာပြီ။
အဘ ထိုတေးဆိုလိုက်မည်…”တဲ့။

★ အဘစကား၊ မြေးတို့ကြားသော်
သွားပါ့ ဘအို သွားပါဆို။
မြေးတို့လည်း လိုက်ခဲ့မည်ကို။
အားလုံးမျက်နှာ ပြုံးချိုချို။
မြရွက်နုနှင့် ဘဘိုးအို။
တပေါင်းနေနှင့် ဝင့်ပြိုက်ို။ ။

ခွန်ရဲသွေး(အေးသာယာ)

တပ်မတော်နေ့ဂုဏ်ပြု အားကစားပြိုင်မည်

ရန်ကုန် မတ် ၁၅

ကျိုက်ထိုမြို့နယ် မြို့နယ်အားကစားကွင်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်စီစဉ်မှုဖြင့် မြို့နယ်အား/ကာ ဦးစီးဌာန၊ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး(ပရဟိတ)ဂေဟာ အား/ကာ ကော်မတီတို့ ပူးပေါင်းကာ အမျိုးသား အမျိုးသမီးငါးယောက်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲများကိုကျင်းပနိုင်ရေးအတွက် ဥက္ကဋ္ဌ ဦးမောင်ညို(မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်–၂)၊ အတွင်းရေးမှူး ဒေါ်ခင်စန္ဒာချို(မြို့နယ်အား/ကာဦးစီးအရာရှိ)တို့ပါဝင်သော ပြိုင်ပွဲကျင်းပရေး ကော်မတီတစ်ရပ်ကို မတ်၁၂ရက်က မြို့နယ်အား/ကာ ရုံးတွင် ကျင်းပခဲ့ပြီး ပြိုင်ပွဲများကို မတ် ၂၀ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ ဆုရအသင်းများအား ဆုဖလားများနှင့်အတူ ငွေသားဆုများ၊ အကောင်းဆုံး အားကစားသမားဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မြန်မာနိုင်ငံကြက်ခြေနီကိုယ်စားပြု စစ်ရေးပြတပ်ခွဲသို့ အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၁၅

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အတူ မတ် ၁၃ ရက် ညနေပိုင်းတွင် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်မည့် အောင်ဆန်းစစ်ကြောင်းသို့ ရောက်ရှိလာရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် အောင်ဆန်းစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်းတို့က ကြိုဆိုကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောင်ဆန်းစစ်ကြောင်း စစ်ကြောင်းရုံး၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အလှူငွေကျပ် ၁၅ သိန်း၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အလှူငွေကျပ် ၁၅ သိန်းတို့ကို (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကိုယ်စားပြု စစ်ရေးပြတပ်ခွဲသို့ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက လက်ခံယူသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်ဝတ်စုံပေးအပ်

ရန်ကုန် မတ် ၁၅

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ဝတ်စုံပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ အတွက် ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ မီးသတ်ဝတ်စုံများကို မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးမြဲအောင်နှင့် တပ်ခွဲမှူး ဦးမြင့်ဦးတို့အား ပေးအပ်သည်။ (က–ပ)

စစ်ကြောင်းကြီးများ တည်းခိုရာစခန်းများ၌ အဆို၊ အက၊ ဟာသ၊ ရုပ်ရှင်များဖြင့် ဖျော်ဖြေ

ရန်ကုန် မတ် ၁၅

(၅၉)နှစ်မြောက်တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက ရုပ်ရှင်များဖြင့် ယမန်နေ့ည ၇ နာရီတွင် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေရာတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ဖျော်ဖြေရေးအဖွဲ့က အဆို၊ အက၊ အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ဖျော်ဖြေရေးအဖွဲ့ငယ်က အဆို၊အက၊ဟာသများဖြင့်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ ငရဲသား မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် လိုက်ပါ၍ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ကျောင်းကုန်းတံတားညှော့ရိပ်သာ၌ ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် တားဆီးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး အောက်ခြေအဆင့်အထိ ကွင်းဆင်း၍ အောင်မြင်အောင်အကောင်အထည်ဖော်သွားကြရေးကို မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ်ရှိ ငွေဆောင်ကမ်းခြေသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ ပုသိမ်မြို့နယ် ငွေဆောင်မြို့အုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဇော်အောင်နှင့် တာဝန်ရှိသူများ၊ အစိုးရမဟုတ်သောလူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။



ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ငွေဆောင်ကမ်းခြေ ဟိုတယ်ဆောက်လုပ်ရေး စီမံကိန်းကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်က ငွေဆောင်ကမ်းခြေဒေသဆိုင်ရာ အချက်အလက်များနှင့် အပန်းဖြေစခန်းများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား အောင်ချမ်းသာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အုပ်ချုပ်မှု ဒါရိုက်တာ ဦးနော်အောင်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ငွေဆောင်ကမ်းခြေ ဟိုတယ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ စီမံကိန်းပထမအဆင့်အနေဖြင့် တစ်ခန်းလျှင် ၁၄ ပေ ပတ်လည်ရှိ အိပ်ခန်း ငါးခန်းတွဲ အဆောင် ခြောက်ဆောင်နှင့် ထမင်းစားဆောင်၊ ဟိုတယ်ထိန်းသိမ်းကြီးကြပ်ရေးဆောင်၊ မီးဖိုဆောင်တို့ပါဝင်သည့် အလျား ၉၈ ပေ၊ အနံပေ ၄၀ ရှိ အာရ်စီနှစ်ထပ် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ ၂၄နာရီသန့်ရှင်းသည့် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် အဆောက်အအုံများအား သတ်မှတ်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိပ်ဆောင်ငါးခန်းတွဲ ခြောက်လုံးဆောက်လုပ်ပြီးစီးမှု၊ထမင်းစားဆောင်၊ဟိုတယ်ထိန်းသိမ်းကြီးကြပ်ရေးဆောင်နှင့် မီးဖိုဆောင် ပါဝင်သော အာရ်စီနှစ်ထပ် အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ အောင်ချမ်းသာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးနော်အောင်နှင့် ချိုဇော်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်ပြုံးရီတို့က လိုက်လံ ရှင်းလင်းပြသကြရာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အိပ်ဆောင်ငါးခန်းတွဲ ခြောက်လုံး အဆောက်အအုံကိုလာမည့် မဟာသင်္ကြန်ကာလမတိုင်မီဖွင့်လှစ်နိုင်ရေး၊ အရိပ်ရသစ်ပင်နှင့် ပန်းပင်များစိုက်ပျိုးထားရှိရေးနှင့် သန့်ရှင်းသပ်ရပ်လှပရေးတို့အတွက် ဆောင်ရွက်သွားကြရန် မှာကြားသည်။

အလေးထားဆောင်ရွက်

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ငွေဆောင်မြို့မှ ပုသိမ်မြို့သို့ပြန်လည်ထွက်ခွာလာပြီး အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပုသိမ်–ငွေဆောင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လာမည့်မိုးမကျမီကာလအတွင်း ကွန်ကရစ်လမ်းခင်းရန် ရည်မှန်းထားသည့် လမ်းအရှည် ၁၀မိုင်၃ဖာလုံကို ပြီးစီးအောင်ဆောင်ရွက်ရေး၊လမ်းဘေးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

အစားထိုးဆောင်ရွက်

ပုသိမ်–ငွေဆောင်လမ်းဖောက်လုပ်ရေးစီမံကိန်းသည် စုစုပေါင်း အကွာအဝေးမိုင် ၃၀၊ ၃ ဖာလုံရှိပြီး ကျောက်ချောလမ်း ၂၁မိုင်နှင့် ကတ္တရာလမ်း ၉မိုင် ၃ ဖာလုံရှိရာ ကျောက်ချောလမ်း ၂၁မိုင်အနက် မိုင်တိုင်အမှတ် (၂/၅) မှ(၁၃/၀)အထိလမ်းအရှည် ၁၀မိုင် ၃ဖာလုံကို ကျောက်ချောလမ်းအဆင့်မှ ၁၄ပေအကျယ်ရှိ ကွန်ကရစ်လမ်းအဖြစ် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပုသိမ်–ငွေဆောင်လမ်းပေါ်ရှိ သစ်သားတံတား ၂၈ စင်းကို သံကူကွန်ကရစ်တံတားများအဖြစ် အစားထိုးဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မတ် ၁၄ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့၌ ကျင်းပသည့် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီးနောက် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ငွေဆောင်ကမ်းခြေ ဟိုတယ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ–တရုတ်ချစ်ကြည်ရေးခြေစမ်းပွဲကစားရန် မြန်မာ့လက်ရွေးစင်အသင်းထွက်ခွာ

ရန်ကုန် မတ် ၁၅

မတ် ၁၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guang Zhou မြို့၌ မြန်မာ–တရုတ် ချစ်ကြည်ရေးခြေစမ်းဘောလုံးပွဲ ယှဉ်ပြိုင်ကစားရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) အားကစားဝန်ကြီးဌာန အထူးအရာရှိ ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် ဒုတိယဥက္ကဋ္ဌ(၃) ဦးဝေယံအောင်တို့ ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

မြန်မာဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြဆရာ၊ ဆေးမှူးနှင့် အားကစားသမား ၁၈ ဦး စုစုပေါင်း အားကစားအဖွဲ့ဝင် ၂၅ ဦးတို့ ပါဝင်ကြသည်။ **(သတင်းစဉ်)**

ဓမ္မဒူတအရှင်ဆေကိန္ဒ အထူးတရားပွဲ ဟောကြားမည်

ရန်ကုန် မတ် ၁၅

ဓမ္မဒူတအရှင်ဆေကိန္ဒ သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော်၏ တရားပွဲကို ဦးကျော်စိန်–ဒေါ်ခင်အေးမိသားစုတို့က အမှတ် ၄၆ ငွေလရောင်လမ်း ဆရာစံတောင် (ဥတ္တလစ်) ရပ်ကွက် ဗဟန်းမြို့နယ်တွင် မတ် ၁၇ ရက်နှင့် ၁၈ ရက် ည ၇ နာရီခွဲတွင် တရားဒေသနာများ ချီးမြှင့်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၃–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ လမူးတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး **–နှစ်(၅၀)ပြည့်ရွှေရတုတပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်**
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English For Everyday Use.
- ၁၆:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၃ ခုနှစ်)
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၂၅ ၇။ တေးဂီတအစီအစဉ်
- ၁၇:၃၅ ၈။ တေးသရုပ်ဖော်အစီအစဉ်
- ၁၇:၄၀ ၉။ ခံစားနားဆင်တေးဓာတ်ဝင်
- ၁၇:၅၅ ၁၀။ ဆိုကြမယ်၊ပျော်ကြမယ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၁၅ ၁၄။ ပုသိမ်လေဆိပ်ဝင့်ဝင့်ကြွား ဧရာတိုင်း၏အလှတစ်ပါး
- ၁၉:၃၀ ၁၅။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၄၅ ၁၆။ နှစ်(၅၀)ပြည့် ရွှေရတု တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက် "ပြည်သူ့အတွက်တပ်မတော်" –ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန် မှာတို့ဝန်တာ (လယ်/ဆည်နှင့်စက်မှု) –ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက် –စစ်သားဂုဏ်ရည် (ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင် ခင်မောင်ညွန့်)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၁၁)

ပုဇွန်တောင်ဘဏ်ခွဲ အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားဝန်ကြီးတက်ရောက်

ရန်ကုန် မတ် ၁၅

မြန်မာ့စီးပွားရေးဘဏ် ပုဇွန်တောင်ဘဏ်ခွဲအဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် နေမျိုးသူရလမ်းနှင့် လက်ဝဲမင်းဒင်လမ်းထောင့်ရှိ မြေနေရာ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်ချီးမြှင့်သည်။

ရွှေဦးစွာ မင်္ဂလာအချိန်ရောက်သည်နှင့် မြန်မာ့စီးပွားရေးဘဏ် ပုဇွန်တောင်ဘဏ်ခွဲမြေနေရာ အမှတ်(၁)နေရာတွင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း**(ယာပုံ)**ကလည်းကောင်း၊ အမှတ်(၂)နေရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေကလည်းကောင်း၊ အမှတ်(၃)နေရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်ကလည်းကောင်း၊ အမှတ်(၄)နေရာတွင် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင်ကလည်းကောင်း အသီးသီးသတ်မှတ်နေရာများ၌ နေရာယူ၍ ပန္နက်တင်မင်္ဂလာကိုပြုလုပ်ကြပြီး ပန္နက်တိုင်များကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။ **(သတင်းစဉ်)**

အဆင့်မြင့်သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် မတ် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာ ခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ နည်းဥပဒေများကို အထူးပြုပို့ချသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ဖြစ်သည်။

(သတင်းစဉ်)

သင်တန်းဆင်းအောင်လက်မှတ်ပေး

ရန်ကုန် မတ် ၁၅

SSI Computer သင်တန်းမှ သင်တန်းဆင်း အောင်လက်မှတ်ပေးပွဲ အခမ်းအနားကို မတ် ၁၃ရက် နံနက် ၉ နာရီတွင် လှိုင်မြို့နယ် MICT Park ၌ ကျင်းပသည်။

အခမ်းအနားသို့ E. National Task Force မှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ဖိတ်ကြားထားသူများ၊ ကုမ္ပဏီအဖွဲ့အစည်းများမှ ဧည့်သည်တော်များ၊ SSI KCL IT Division မှ တာဝန်ရှိသူများ၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရွှေဦးစွာSSI KCL Division မှ IT မန်နေဂျာ မစ္စတာဆိုင်းလေ့ရှိရာ့ရှိက အဖွင့်အမှာစကားပြောကြားပြီး E. National Task Force မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ အိန္ဒိယသံရုံးမှ ကောင်စစ်ဝန် Mr. Rajinder Khannaတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် SSI မှ ကျောင်းသားကိုသုတအောင်က မျက်မှောက်ခေတ် IT နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ရာတွင် Microsoft Office ၁၇၇ ဦး၊ Java @SSI ၇၄ ဦး၊ Impact ၁၇ဦး၊ UCC ၅၄ဦး၊ E2Com ၃၉ဦးနှင့် Oracie ၃၄ ဦးတို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးမြို့ ကျက်သရေဆောင်ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးက ဘီးတပ်ကုလားထိုင် သုံးလုံး ပေးအပ် လှူဒါန်းပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား(ကိုယ်စား) မီးသတ်ဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်က မတ် ၁၂ ရက်တွင် ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသက်နိုင်က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (မီးသတ်ဦးစီး)

နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်မည်

ရန်ကုန် မတ် ၁၅

မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်ရပ်ကွက် သမ္မာစရိတမေ့မွေ ဒါနအသင်း (ကျိုက်တော်ဓမ္မာရုံ)က ကြီးမှူးကျင်းပမည့်(၁၇)ကြိမ်မြောက် နှစ်သစ်ကူးပွဲတော် နှစ်ကျိပ်ရှစ်ဆူလှည့်လည် ပူဇော်ပွဲကို ၁၃၆၅ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် (ဧပြီ ၁၇ရက်)တွင် ကျင်းပမည်ဖြစ်သည်။

ကျိုက်တော်ရပ်ကွက်အတွင်း လမ်းအလိုက်မိသားစု၊ စံကျောင်းတော်မဏ္ဍပ်များဖြင့် ဧပြီ ၁၂ ရက်မှစပြီး အပူဇော်ခံထားရှိသည့် နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားများနှင့် ရဟန္တာမထေရ်မြတ်ကြီးများအား(ဧပြီ ၁၇ရက်) မြန်မာနှစ်ဆန်း ၁ရက် (စနေနေ့)နှင့်(ဧပြီ၁၈ရက်) မြန်မာနှစ်ဆန်း ၂ ရက် (တနင်္ဂနွေနေ့)တို့တွင် နေ့စဉ်ညနေ ၅ နာရီမှစ၍ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်များအတွင်း သံဃာတော်အရှင်သူမြတ် ၁၀ပါးတို့က ပရိတ်ကားဖြင့်အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဆိုလိုက်ပါ၍ စည်ကားသိုက်မြိုက်စွာ လှည့်လည်ပူဇော်ခံမည်ဟုသိရသည်။ **(က-ပ)**

မတ်၁၃ရက်က တောင်ဥက္ကလာပမြို့နယ် အမက(၁၇)တွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အုံးကျင်က စတုတ္ထတန်း(က)မှ မောင်အာကာထက်ကျော်အား သင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်စဉ်။ (က-ပ)

သင်္ကြန်ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၁၅

မော်လမြိုင်မြို့ ဈေးကြိုဆန်တန်းရပ် ကျောင်းသစ်ကျောင်း သာမညမိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းနှင့် တစ်လတရားစခန်းဖွင့်ပွဲများကို ဧပြီ ၁၂ ရက်မှ မေ ၁၁ ရက်ထိ ဆင်ယင်ကျင်းပမည်ဖြစ်သည်။ ထိုတရားစခန်းတွင် ကျေးဇူးတော်ရှင် တိပိဋကဓရရွေးချယ်ရေးအဖွဲ့ကြီး၏သြဝါဒါစရိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မော်လမြိုင်ဝဲပျံဆရာတော်ကြီးက သြဝါဒါစရိယပြုကာ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နယ်လှည့်ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘနမထေရ်မြတ် (B.Sc, Phy)က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ဖားကန့်မြို့နယ်အတွင်း၌တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်း ၆၈ ဧကရှာဖွေဖျက်ဆီး

ရန်ကုန် မတ် ၁၅

၂၀၀၃-၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းခင်းဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ကချင်ပြည်နယ် ဖားကန့်မြို့နယ် စံဖဲချောင်းနှင့် ဒူးခိုချောင်းဆုံရာ နေရာတစ်ဝိုက်၌ တရားမဝင်စိုက်ပျိုးထားသည့် ဘိန်းခင်း ၁၄ ခင်း စုစုပေါင်းဘိန်းခင်း ၆၈ ဧက**(အောက်ပုံ)**ကို ရှာဖွေတွေ့ရှိဖျက်ဆီးခဲ့ကြောင်းနှင့် ယခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းစိုက်ပျိုးထားသည့် ဒေသများအတွင်း တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်း စုစုပေါင်း ၇၀၇၁ ဒသမ ၆၀ ဧက ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၂ရက်က အမှတ် ၄၂၇ ၁၅လမ်း (၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးစိုးဝင်း-ဒေါ်ခင်ရီ မိသားစုက ဓီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူတော်ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးမောင်တင်(ငြိမ်း)က လက်ခံရယူစဉ်။ (က-ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မဟာဂန္ထဝါစကပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပ

ရန်ကုန် မတ် ၁၅

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၈)ရပ်ကွက် မင်္ဂလာအေးကျောင်းတိုက် ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တ သုမင်္ဂလအား မဟာဂန္ထဝါစက ပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကို မတ် ၁၄ရက် နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များက အပူဇော်ခံဆရာတော်နှင့်တကွ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

ထို့နောက် နိုင်ငံတော်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ကလေးဝတောရဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသ ထံမှ အနုမောဒနာတရား နာကြားကာ နိုင်ငံတော် သံဃနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ မဟာထေရ်မြတ်က ဩဝါဒကထာ မြွက်ကြား၍ ရေစက်ချတရားတော် ချီးမြှင့်ကြောင်းသိရသည်။ **(က-ပ)**

အထက(၆) ပုသိမ်မြို့

ဒုတိယအကြိမ်အာစရိယပူဇော်ပွဲလိုက်ပါလိုသူများ

၂၀-၃-၂၀၀၄ ရက် နောက်ဆုံးထား၍ စာရင်းပေးပါရန်။

ဆက်သွယ်ရန်ဖုန်း - ၀၁-၃၇၆၆၁၀၊ ၇၀၉၆၇၂၊ ၂၅၂၅၄၄၊ ၀၉ ၅၀-၁၁၆၅၅၊ ၀၉ ၉၉-၂၀၀၃ ၀၉ ၅၀-၁၄၁၆၆၊ ၀၉ ၉၉-၂၄၂၆၄

မွန်းလွဲ ၁ နာရီ

(စုရပ်) ကမ်းနားလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့် (ကွမ်ရင်ဘုရားကျောင်း)

ဒီဂရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၂၁ နည်းဥပဒေ ၂၂)

မင်္ဂလာတောင်ညွန့်မြို့နယ် တရားမရုံးတော်၌

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် ၂၄ နှင့်ဆက်သွယ်သည့်

၂၀၀၄ခုနှစ် တရားမဇာရီမှုအမှတ် ၄

၁။ ဒေါ်ကြည်ကြည်အေး **ဒေါ်အုန်းတင်**

၂။ ဒေါ်နီနီအေး နှင့်

ဒီဂရီအနိုင်ရသူ **တရားရှုံး**

မ/၁၂၄၅၊ ပိတောက်မြိုင်လမ်းသွယ်-၃၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်အုန်းတင်သိစေရမည်။

၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၂၄ တွင် ကျရှိသည့်ဒီဂရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ကြည်ကြည်အေး ပါ ၂ က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၄ခုနှစ် မတ် ၁၉ ရက်(၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်)နေ့ မွန်းမတည့်မီ ၁၁နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၄ခုနှစ် မတ် ၁၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဦးဇော်ဝင်း
(H.G.P, LL.B, D.B.L, D.M.L)
ဒုတိယမြို့နယ်တရားသူကြီး
မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး။

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)ဆွမ်းဆန်စိမ်းလောင်းလှူပွဲ

ရန်ကုန် မတ် ၁၅

မြောင်းမြမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့နယ်လုံးကျွတ် သံဃဒါန ဆွမ်းဆန်စိမ်းနှင့် ပဒေသာပင် လောင်းလှူပူဇော်ပွဲကို မြန်မာနှစ်ဆန်း ၁ရက် (ဧပြီ၁၇ရက်) စနေနေ့ ညနေပိုင်းတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)က ဧပြီ ၁၆ ရက် ညနေ ၄ နာရီတွင် မော်တင်ဆိပ်ကမ်း ရန်ကုန်မှ နှစ်ထပ်ခွဲ ရေယာဉ်ဖြင့်ထွက်ခွာ၍ ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့၌ ဆွမ်းဆန်စိမ်းနှင့် ပဒေသာပင်များ လောင်းလှူကြမည်ဖြစ်ပြီး ယင်းရက် ညနေ ၆ နာရီတွင် မြောင်းမြသင်္ဘောဖြင့် ရန်ကုန်မြို့သို့ပြန်လာကြမည်ဖြစ်သည်။

ကိုယ်တိုင်မလိုက်ပါနိုင်သူများ ငွေပဒေသာပင်တစ်ပင် ကျပ်ငါးထောင် နှုန်းဖြင့် လှူဒါန်းနိုင်ကြပြီး လိုက်ပါလှူဒါန်းကြမည့် အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများသည် မတ် ၃၁ ရက် နောက်ဆုံးထား၍ ဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊ ဦးတင်သိန်း ဖုန်း-၂၄၆၉၃၇၊ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဦးသန့်ဇင် ဖုန်း-၀၉-၉၉-၂၂၁၉၇၊ ဦးခင်မောင်အေး ဖုန်း-၆၆၆၃၁၀၊ ဦးလှဖေ ဖုန်း-၂၂၁၄၉၊ ၇၀၅၈၅၈ နှင့် ဦးဇော်ထွန်း ဖုန်း-၇၀၉၁၁၄ တို့သို့ ကြိုတင်စာရင်းပေးသွင်း လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က-ပ)**

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်ကြီးမှ စာချမဓမ္မကထိကဆရာတော် ဘဒ္ဒန္တသုစိတ္တ(သာသန ဓဇဓမ္မာစရိယ)အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်သည့် ဂုဏပူဇာသဘင်ပူဇော်ပွဲကို မတ် ၁၄ ရက်က ပြုလုပ်ရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ **(၁၂၉)**

ဝိပဿနာတရား ဟောကြားပြသမည်

ရန်ကုန် မတ် ၁၅

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် နောင်လိုင်ရွာ ဘုန်းတော်ကြီးကျောင်း၌ ၁၃၆၅ခုနှစ် တပေါင်းလကွယ်နေ့ (မတ် ၂၀ရက်)မှ နှောင်းတန်ခူးလဆန်း ၁၀ရက်၊(မတ်၃၀ရက်)အထိ မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ကုန္တကအမှူးရှိသော ဓမ္မကထိကများက ညွှန်ကြားဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၁၅

ကာတွန်းတွတ်တွတ်၏ မျက်နှာဖုံးကာတွန်းနှင့် ငွေကြည်၏ကာတွန်းဇာတ်လမ်းတို့အပါအဝင်ဆရာသာဂဒိုး၊ ဆရာပြည့်စုံ(သွေးသောက်)၊ သန်လျင်မောင်မောင်ဦး၊ သုဝဏ္ဏကျော်စိန်၊ ဒေါက်တာခင်မောင်ညို၊ ဆြာကြီးထိန်၊ မောင်ဉာဏ်ကျယ်၊ ကာတွန်းမြင့်စိုးလေး၊ ကျော်သစ်၊ တစ်ကောင်ဘွား (ညောင်ရမ်း)၊ နန္ဒာစိုး(ဆင်ဖြူကျွန်း)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ အောင်ဌေးသိမ်းတို့၏ ဟာသအတွေးအရေး၊ ရုပ်ရှင်၊ သဘင်ရသများဖြင့် ဟာသဂျာနယ် အတွဲ (၂) အမှတ် (၃၃) ကိုဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

မတ် ၉ရက်က အင်းစိန်မြို့နယ် အမှတ်(၁၅)အခြေခံပညာမူလတန်းကျောင်း၏ မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မာပြုံးက မောင်အောင်ပြည့်ဖြိုးကျော်အား ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ **(က-ပ)**

အမွေစားအမွေခံ သား အဖြစ်မှစွန့်လွှတ်ခြင်း

ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ်၂၄၂/၂၄၆(ဒုတိယလွှာ)နေ ဦးအာရ်ကေဆာမိ၏သား မူနီအပါး (ခ) ကျော်ဝင်း (PBDN-03581)သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့သောကြောင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။

ဦးအာရ်ကေဆာမိ
(PBDN-01998)

အများသိစေရန်

ရွှေအင်အားကုမ္ပဏီလီမိတက် (SHWE IN-ARR Co., Ltd.) လိုင်စင်အမှတ် ၀၁၉/၂၀၀၀သည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပအလုပ်အကိုင်ရရှိရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ရွှေအင်အားကုမ္ပဏီလီမိတက်၏ လုပ်ငန်းဆောင်ရွက်မှုအားလုံးကို ဦးတင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ)၊ဒေါ်မော်မော်(ဒါရိုက်တာ)၊ ဦးသိန်းအောင်(ခ) NASSIM POONAWALA (ဒါရိုက်တာ)တို့ကသာ ဆောင်ရွက်လျက်ရှိပြီး အခြားအဖွဲ့အစည်း၊ ကုမ္ပဏီ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကိုယ်စားဆောင်ရွက်စေခြင်း၊ တာဝန်လွှဲအပ်ထားခြင်း၊ ကိုယ်စားလှယ်အဖြစ် စေလွှတ်ထားခြင်း လုံးဝ(လုံးဝ)မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၊ ရွှေအင်အားကုမ္ပဏီလီမိတက်။

နယ်အရောင်းကိုယ်စားလှယ်ဆိုင်များအလိုရှိသည်

ယနေ့မြန်မာပြည်တွင် နာမည်ကျော်ကြားလူကြိုက်များနေသော“စိုင်ပရိတွန်း” အားတိုးဆေးရည်ကို မြန်မာပြည် ပြည်နယ်နှင့်တိုင်းများ၏ မြို့များရှိ ဆေးဆိုင်များကို (တစ်မြို့လျှင်တစ်ဦးတည်းသာ)နယ်အရောင်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုပါသည်။

သို့ပါ၍ စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာသို့ မိမိ၏ကုမ္ပဏီ (သို့မဟုတ်) ဆိုင်(သို့မဟုတ်) လူပုဂ္ဂိုလ်၏ ဆေးရောင်းချခြင်းဆိုင်ရာအတွေ့အကြုံ၊ ကိုယ်ရေးအကျဉ်း၊ (တစ်လပျမ်းမျှရောင်းအားအပါအဝင်)ကိုဖော်ပြ၍ ဧပြီ၃၀ရက် နောက်ဆုံးထား၍ လျှောက်လွှာပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

စာတိုက်သေတ္တာအမှတ် (၉၀၂)
ရန်ကုန်စာတိုက်ကြီး၊ ရန်ကုန်မြို့။

မြဝတီရုပ်မြင်သံကြား

၁၆-၃-၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Myanmar Economic Reforms(1989-1996) (ပြည်သူ့ရေးရာ)
၅း၃၀	၉။	စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅း၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	မြန်မာ့ရှုခင်း
၆း၄၀	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကြယ်နှင့်အတူ ပျံသန်းနေသော” အပိုင်း (၂) (ဇာတ်သိမ်း)** သရုပ်ဆောင်-ကိုကိုလင်းမောင်၊ ခင်ဇာခြည်ကျော်၊ ယမုံဇင် (ဒါရိုက်တာ-တင်သန်းဦး)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	လျှပ်တစ်ပြက်
	၂၀။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သစ္စာမဏ္ဍိုင်”**(အပိုင်း-၂၂)
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား

ယခုအပတ်ဗီဒီယိုဇာတ်ကား ရုပ်ရှင်ကားသာဖြန့်ချိ ဗီစီဒီအချပ်များ ဈေးလျှော့ရောင်းချ

မောင်ဆွေထွန်း

ရန်ကုန် မတ် ၁၅

ယခုအပတ်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့၏ အစီအစဉ်ဖြင့် မတ် ၁၅ ရက်မှ ၂၁ ရက်အထိ ဗီဒီယိုဇာတ်ကား ရုပ်ရှင်ကား ဖြန့်ချိပြသနိုင်မည်ဖြစ်သည်။

ဖြန့်ချိဇာတ်ကားများ

ယခုအပတ်တွင် စာမေးပွဲကာလ တိုက်ဆိုင်နေသဖြင့် ဗီဒီယိုဇာတ်ကား ထုတ်လုပ်ဖြန့်ချိမှု နည်းသွားခြင်းဖြစ်သည်ဟု ယူဆရသည်။

ယခုဖြန့်ချိသောဗီဒီယိုဇာတ်ကားများမှာ မျက်ခြယ်ဗီဒီယိုမှ မိုးဒီ၊ မင်းအုပ်စိုး၊ ခင်စိုးပိုင်တို့ ပါဝင်သော **'ကြောင်ဝယ်ရန်ရှိသည်'** ဇာတ်ကား၊ စူပါနိုင်းဗီဒီယိုမှ ဇာဂနာ၊ မော့စ်၊ ခင်မို့မို့အေး ပါဝင်သည့် **'ကတုံးပေါ် ထိပ်ကွက်'** ဇာတ်ကား၊ ကောင်းသစ္စာမှ ဖြိုးငွေစိုး၊ ပုလဲဝင်း ပါဝင်သော **'ထာဝရသကြန်'** ဇာတ်ကား၊ စိန်ငွေးဗီဒီယိုမှ ရန်အောင်၊ မင်းဟိန်း၊ ပန်းဖြူ ပါဝင်သော **'ဦးရီးတော်'** ဇာတ်ကား၊ စိန်ပန်းမင်းမှ ငြိမ်းချမ်း၊ ဝိုင်းချစ်တို့ပါဝင်သော **'ပန်းမဲ့လိပ်ပြာ'**၊ မျက်ခြယ်မှ ခန့်စည်သူ၊ ထက်ထက်မိုးဦး ပါဝင်သော **'သကြန်ကျရင် လက်ထပ်မယ်'**၊ စိုးမိုးဗီဒီယိုမှ ရန်အောင်၊ ပိုင်ဇေရဲထွန်း၊ ခိုင်ဇွန်တို့ ပါဝင်သော **'နှလုံးသားမြို့ပြရဲ့တော်ဝင်အနမ်း'**၊ ကြောင်ကမ္ဘာဗီဒီယိုမှ နေမျိုးအောင်၊ လှအဉ္ဇလီတင့်တို့ပါဝင်သော **'အိမ်ဦးခန်းမှကြေးစည်သံ'** ဇာတ်ကားတို့ ဖြန့်ချိမည် ဖြစ်သည်။

'သေမထူးနေမထူးဘဦး'ဇာတ်ကားမှ ဝေဠုကျော်၊အေးဝတ်ရည်သောင်း။

'ဗေဒင်ချစ်သူ' ဇာတ်ကားမှ သတ္တိနှင့် မျိုးစန္ဒီကျော်။

အင်ကြင်းစံရဲ့ 'ရွှေသကြန်' ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဈေးလျှော့

ယခုအပတ်မှစ၍ ဗီစီဒီဈေးနှုန်းများကိုလည်း ဗီဒီယိုအခြေခံအဖွဲ့၏ အစီအစဉ်အရ ယခင်တစ်ချပ် ကျပ် ၁၄၀၀မှ ယခုကျပ် ၁၃၀၀၊ သုံးချပ်အထက် ကျပ် ၁၁၀၀ နှင့် ၁၀ချပ်အထက်ကျပ်၉၀၀ အထိ ဗီဒီယိုပရိသတ်အကျိုးငှာ လျှော့ချလိုက်သည်ဟု သိရသည်။

(မြန်မာ့အလင်း)

ချစ်ကြိုးနှစ်လိမ် ဗီဒီယိုဇာတ်ကား ဖြန့်ချိတော့မည်

ရန်ကုန် မတ် ၁၅

အဲဗားရှိုင်းဗီဒီယိုမှ ခင်မောင်ချင်း (ပုလဲအရောင်မမှိန်) စီစဉ်ပြီး ဒါရိုက်တာ မင်းနိုင်၊ ဇာဂနာ၊ ရတနာခင်နှင့် ဝေယံလင်းတို့၏ **'ချစ်ကြိုးနှစ်လိမ်'** ဗီဒီယိုဇာတ်ကား ရိုက်ကူးပြီးစီး၍ မကြာမီဖြန့်ချိရန် စီစဉ်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မန္တလေးမြို့ ရွှေရေးဆောင်တိုက် ဘဏ္ဍာစိုးကျောင်း ပဓာနနာယက ဆရာတော် သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသအား အင်းစိန်ရွာမ အနောက် ညောင်ပင်သာကျောင်းတိုက်တွင် မတ် ၇ ရက်က ဦးမြင့်လွင် (မီးရထား)မိသားစုက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (ဝ၄၆)

ပဲခူးရွှေမော်ဓောစေတီတော်သို့ ဘီးတပ်ကုလားထိုင်သုံးလုံးလှူဒါန်း

ရန်ကုန် မတ် ၁၅

ပဲခူးမြို့ ကျက်သရေဆောင်ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ဖူးမြော်ကြည်ညိုလိုသော သက်ကြီးရွယ်အိုများ လွယ်လင့်တကူ တက်ရောက်ဖူးမြော်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းက ဘီးတပ်ကုလားထိုင်သုံးလုံး ပေးအပ်လှူဒါန်းပွဲကို မတ် ၁၁ ရက် နံနက်က ရွှေမော်ဓောစေတီ ဂေါပကအဖွဲ့ရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုလှိုင်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးသက်နိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ ပဲခူးတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်မြင့်နှင့် အလှူခံဌာနမှူး ဦးစိုးဝင်းတို့ တက်ရောက်ကြကြောင်း သိရသည်။ **(က-ပ)**

ရန်ကင်းမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်းအမှတ်(၂) ၂၀၀၃-၂၀၀၄ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်း အခမ်းအနားကို မတ် ၇ရက်က ကျင်းပရာ အဋ္ဌမတန်း(A)မှ မသီရိသိန်းလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဦးက သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (က-ပ)

ချီးမြှင့်

မတ် ၁၀ ရက်က စမ်းချောင်းမြို့နယ် အမက(၉) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ကျောင်းခန်းမတွင် ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင်က မောင်တက်ခေါင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်စဉ်။ (၁၂၉)

ကျေးလက်ဖွံ့ဖြိုးရေးပညာပေးဟောပြောပွဲ မော်လိုက်မြို့နယ် နားပင်ကျေးရွာတွင်ကျင်းပ

မော်လိုက် မတ် ၈

ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်က မော်လိုက်မြို့နယ် နားပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူးဦးအုန်းလှိုင်က ကျေးလက်ဖွံ့ဖြိုးရေးကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ကျေးရွာချင်းဆက်လမ်းများ ရာသီမရွေးသွားလာနိုင်ရန် ပြုပြင်ထိန်းသိမ်းရေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက စပါးအပါအဝင် သီးနှံ ၁၀ မျိုးအထွက်တိုးရေး နည်းလမ်းငါးသွယ်နှင့်အညီ ဆောင်ရွက်ရေး၊ ခွဲစိတ်အထူးကုဆရာဝန်ဒေါက်တာစိန်စိုးဝင်းက ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် ယင်လုံအိမ်သာသုံးဆွဲရေးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညိုအုန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေးတို့ကို ပညာပေးဟောပြောကြသည်။

ဆောင်ရွက်ပေး

ထို့နောက်တက်ရောက်လာကြသူများ၏ ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ဖြေကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းချီပြပွဲပြသမည်

ရန်ကုန် မတ် ၁၅

ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပန်းချီဆရာ ဆရာမများဖြစ်ကြသော လွန်းမြမြ၊ သက်မော်၊ ဝင်းမြင့်မိုး၊ ခင်မောင်ဗိုလ်၊ ကျော်စိုး၊ လွန်းသစ်၊ မြင့်အောင်၊ အေးမင်း၊ မွန်သက်၊ လှဖုန်းအောင်၊ ဝဏ္ဏကိုလေး၊ နော်လဲ့အုံး၊ လွန်းကျော်ရည်၊ နေလွန်းသောင်၊ လွန်းဇော်တို့၏ လက်ရာသန့် ပန်းချီကားချပ်များကို အမှတ် ၄၂(က) အင်းလျားမြိုင်လမ်း ရွှေတောင်ကြား(၂)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ဟသ်ာပန်းချီနှပညာပြခန်း၌ ပြခန်းတည်ထောင်ခြင်း အမှတ်တရ တတိယအကြိမ် ပန်းချီပြပွဲအဖြစ် မတ် ၁၄ရက်မှ ဧပြီ ၁၄ရက်အထိ ပြသထားရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးရာသီဘဏ်ချေးငွေ ရာနှုန်းပြည့်ကောက်ခံရရှိ

လှိုင်ကော် မတ် ၅

ကယားပြည်နယ် လှိုင်ကော်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများသို့ ထုတ်ချေးထားခဲ့သော ၂၀၀၃ခုနှစ် မိုးရာသီသီးနှံ ထုတ်လုပ်မှု ဘဏ်ချေးငွေကျပ် ၁၃၉၉သိန်းကျော်ကို သီးနှံရိတ်သိမ်းချိန်မှစ၍ ဘဏ်ချေးငွေစနစ်အရ ပြန်လည်ကောက်ခံခဲ့ရာ ဒေသဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်၏ ပံ့ပိုးကူညီမှု၊ ပြည်နယ်ဘဏ်ခွဲ၏ စနစ်တကျ ကြီးကြပ်မှု၊ ဘဏ်ခွဲဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုတို့ဖြင့် ဇန်နဝါရီ ၃၀ ရက်တွင် ရာနှုန်းပြည့် ပြန်လည်ကောက်ခံ ရရှိပြီးဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မျိုးဆက်ပွားကျန်းမာရေး(ဆင့်ပွား)သင်တန်းဆင်း ဝမ်းတွင်းမြို့နယ်တွင် ထူးချွန်သူများ ဆုချီးမြှင့်

ဝမ်းတွင်း မတ် ၈

ဝမ်းတွင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် မျိုးဆက်ပွားကျန်းမာရေး (ဆင့်ပွား)သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က ရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ကြည်ကြည်မာက သင်တန်း၏ ရည်ရွယ်ချက် အောင်မြင်ရေးနှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူ ဒေါ်မိမိက လက်ခံရယူသည်။ **(အောက်ပုံ)**

ဆက်လက်၍ သင်တန်းတွင် ထူးချွန်သူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ အဆိုပါသင်တန်းမှာ ငါးရက်ကြာမြင့်ပြီး သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သာသနာပြုရန် အလှူငွေသိန်း ၁၀၀ လှူ

မန္တလေး မတ် ၇

ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင် အထက်လေသာကျောင်း သက်တော်ရှည် မြတောင်ညိုဆရာတော် ဘဒ္ဒန္တပညာဝံသအား အမှူးထား၍ မြတောင်ညိုသာသနာပြုဆရာ ဦးကိုကိုဝင်း၊ အလှူဒါယကာ ဦးစန်းဝင်း-ဒေါ်စန်းစန်းမြင့် (မြို့တော်ဘီစကစ်)မိသားစုက သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖေဖော်ဝါရီ ၂၇ ရက်က အလှူတော်ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

အဆိုပါအခမ်းအနားကို ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာ လောက မာရဇိန်ဘုရား ပရိဝုဏ်တွင် ကျင်းပသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဖေဖော်ဝါရီ ၂၃ ရက်က မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက် သော မောင်တောမြို့ ငုဝါလမ်း ကတ္တရာခင်းခြင်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာ ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်နှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးစဉ်။

(ခရိုင် ပြန်/ဆက်)

မတ် ၁၁ ရက်က တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျော်ဘွယ်လေး-လက်ပန်ကုန်း ဂဝံလမ်းသစ် ဆောင်ရွက်မှုနှင့် ကိုယ့်အားကိုယ်ကိုးလက်ပန်ကုန်း ချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်မှုတို့ကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး အောင်ပြည့်တို့ ကြည့်ရှုစစ်ဆေးကြရာ တွံတေးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းတို့က လုပ်ငန်းများဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မတ်၆ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ လက်တွေ့သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးစောရွှေ၊ မြို့နယ်မီးသတ်ဦးစီးဌာန တပ်စုမှူး ဦးကျော်နိုင်လင်းနှင့် ဈေးမီဈေးဖများက စုပေါင်းဆောင်ရွက်ကြစဉ်။ (က-ပ)

စီမံကိန်းသီးနှံများတာဝန်ကျေအပြည့်အဝစိုက်ပျိုး ဝါအထွက်တိုးရေး နည်းစနစ်သစ် အသုံးပြု

နွားထိုးကြီး မတ် ၇

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်ညှိနှိုင်းရေးကော်မတီသည် ဖေဖော်ဝါရီ ၁ ရက်က မြင်းနီကျေးရွာ ရွှေပွင့်စင်ဘုရား တန်ဆောင်းတွင် ဝါစိုက် တောင်သူများ၏ စီမံကိန်းသီးနှံများ အချိန်မီထွန်ယက်စိုက်ပျိုးရေးကို ညှိနှိုင်း ဆွေးနွေးကြသည်။

အချိန်မီစိုက်ပျိုး

ထို့နောက် မြို့နယ် ဥက္ကဋ္ဌဦးမြင့်ဆွေက စီမံကိန်းသီးနှံများ တာဝန်ကျေအပြည့်အဝစိုက်ပျိုးရေး၊ ဝါအထွက်တိုးရေးအတွက် နည်းစနစ်အသစ်များ အသုံးပြုစိုက်ပျိုးရေး၊ ရေပေးမြောင်းများပြုပြင်ရေး၊ ရေအလေအလွင့်မရှိအောင် အသုံးပြုရေးတို့ကိုမှာကြားပြီး မြို့နယ်မန်နေဂျာများဖြစ်သော ဦးဝေမြင့်နှင့် ဒေါ်စန်းစန်းမြင့်တို့က ပြောင်းပြာဆည်ရေသောက်တွင် မိုးကြိုဝါနှင့် နွေနှမ်းများအချိန်မီစိုက်ပျိုးနိုင်ရန် ရေပေးနိုင်ရေး တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ကြသည်။

ညှိနှိုင်းဆောင်ရွက်

မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြင်းနီကျေးရွာတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ရေပေးမြောင်းအမှတ်(၃)တံတားနှင့် ရေပေးမြောင်း အမှတ်(၁၀)မြောင်းပေါင်တို့ကို ကြည့်ရှု၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။

(၂၁၃)

ဖေဖော်ဝါရီ၁၂ရက်က သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပရာ သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းထွန်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းစိန်လင်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေး ဦးစီးဌာနမှူး ဦးစိုင်းသာလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၀၆)

တပေတမော့ကျေးရွာ မီးဘေးကာကွယ်ရေးဟောပြော

ကျိုက်လတ် မတ် ၁၁

ကျိုက်လတ်မြို့နယ် တပေတမော့ကျေးရွာရှိ လှဝတီဆန်စက် အမှတ်(၄၅၆)တွင် မတ် ၉ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမိုသင်းနှင့် တပ်ဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ပြုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးသတ်ဆေးဘူးလက်တွေ့အသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြောင်း သိရသည်။ **(က-ပ)**

စာကြည့်တိုက်နှင့် ဆေးပေးခန်း ငါန်းဇွန်နဘဲပင်စံပြကျေးရွာ၌ဖွင့်

ငါန်းဇွန် မတ် ၆

ငါန်းဇွန်မြို့နယ် နဘဲပင်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စာကြည့်တိုက်နှင့် ကိုယ့်အားကိုယ်ကိုး ဆေးပေးခန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က အဆိုပါကျေးရွာအဆောက်အအုံသစ်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကိုသန်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကိုသန်းနှင့် မြင်းခြံခရိုင်အသင်း အလုပ်အမှုဆောင် ဦးအေးလှိုင်တို့က အမှာစကားအသီးသီးပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သန့်ရှင်းရေးဆောင်ရွက်

ဗန်းမော် မတ် ၆

ဗန်းမော်မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ရှိသူအင်အား ၆၀ ကျော်တို့သည် ဖေဖော်ဝါရီ ၂၁ ရက်က ဦးကြီးထိန်နန် လမ်းတစ်လျှောက် လမ်းဘေးဝဲယာချုံနွယ်များရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ပန်းပင်ပေါင်း ၂၈၀ ကျော် စိုက်ပျိုးဆောင်ရွက်လုပ်ကိုင်ခြင်းကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းက ကြည့်ရှုအားပေးသည်။

(မြို့နယ်စည်ပင်)

မတ် ၂ ရက်က အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို မြို့မဈေးကြီးတွင်ကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးဝင်းဆွေ၊မီးသတ်ဦးစီးဌာနဦးစီးမှူးနှင့် တာဝန်ရှိသူများ ကြည့်ရှုကြစဉ်။ (က-ပ)

မြန်မာ့အသံ

၁၇-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ဘိန်းအစားထိုးဘတ်တံမို့)

၁၁:၃၀ သောတရှင်အတွက်ပြန်ကြားချက်

၁၂:၀၀ မြန်မာမှုအထွေထွေ(ကနီဦးလှညွန့်) (တပေါင်းမာသနှင့် ငှင်းသဘာဝ)

၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (မော်မြင်တတ်ခြင်းနှင့် ပတ်သက်၍) (ဦးလှမင်း)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (ခြူး၊ ကြာ၊ ကနုတ်အကြောင်း) (ဦးမင်းနိုင်)

ညနေပိုင်း

၁၇:၀၀ ခေတ်ဟောင်းတေး

၁၇:၃၀ အစာနှင့် အာဟာရ (ငါးပါးနီ)

၁၇:၄၀ ဆို၊က၊ရေး၊တီးဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မောင်ဇေယျာထွန်းဝေ၏ ပတ္တလားလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ရောင်ပြန်ယတြာ (လာဘ်မိုးစွေစာပေတိုက်)
(၂) ပုဂံခေတ်မှသည် မြန်မာအာဇာနည်သူရဲကောင်းများ (ရဲဘော်ကျော်ဆန်း)

၁၉:၁၅ မော်ကွန်းဝင်ပထမဆင့် မုန်တိုင်းဗိုလ်ရဲဒင်နှင့် ဆွေးနွေးခန်း

၂၀:၃၀ ကစ်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဆောင်းဦးရွက်ကြွေချစ် သက်သေ တေးစီးရီး

ရွှေထူးလှိုင် ဘုရားဖူးပို့ဆောင်ရေး
ရွှေစက်တော်၊ တောင်ကြီး၊ ရွှေလီ၊ ရခိုင်
အင်းတော်ကြီး၊ ချောင်းသာ၊ ငပလီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လေလံကြော်ငြာ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် ရှခင်းသာအပန်းဖြေဥယျာဉ်နှင့် ကန်တော်ကြီး Relaxation Zone ရှိ လုပ်ငန်းများအား ဈေးပြိုင် စနစ်ဖြင့် လေလံတင်အငှားချထားခြင်းကို ၂၉-၃-၂၀၀၄ ရက် (တနင်္လာနေ့) ၀၉း၀၀ နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

အဆိုပါလေလံပွဲတွင် ၁-၃-၂၀၀၄ မှ ၈-၃-၂၀၀၄ အထိ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော လေလံပွဲတွင် လေလံ မအောင်မြင်သော ကျန်ရှိနေသည့် အခွန်ဌာနမှ လုပ်ငန်းများ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ယာဉ်ရပ်နားခ ကောက်ခံ ခြင်းလုပ်ငန်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနမှ သန့်စင်ခန်းများ၊ ဈေးဌာနများမှ သန့်စင်ခန်းများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ပန်းခြံဝင်ငွေရ လုပ်ငန်း များ၊ ဈေးများဌာနမှ ဘုရင့်နောင်ဈေး၊ နှစ်ထပ်ရုံဆိုင်ခန်းများ၊ အခွန်ဌာနမှ ဒဂုံဗရာပွဲရုံနှင့် အဝေးပြေး ဆိုင်ခန်းများ၊ ကျိုက္ကဆံ ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေး ဆိုင်ခန်းများ၊ ဒဂုံမြို့သစ် (တောင်ပိုင်း) အမှတ်(၃) စီးပွားရေးဖွံ့ဖြိုးမှုဇုန်မှ ဆိုင်ခန်းများနှင့် ပစ္စည်းဟောင်းများကိုပါ ထည့်သွင်း၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင် အငှားချထားခြင်း၊ ရောင်းချခြင်းများကို ထပ်မံကျင်းပပြုလုပ်ပေးမည် ဖြစ်ပါသည်။

လေလံလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ အနီးရှိ ဆယ်ထပ်ရုံး အင်ဂျင်နီယာဌာန(အဆောက်အအုံ) ပဉ္စမထပ်တွင် ရုံးချိန်အတွင်းဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာ ပိတ်ရက်မှာ ၂၆-၃-၂၀၀၄ (သောကြာနေ့) ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဖုန်း-၂၄၉၅၂၅၊ ၂၄၈၁၁၂ လိုင်းခွဲ-၂၇၉ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ **လေလံတင်ရောင်းချရေးအဖွဲ့။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်
(၃၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း
ကြေညာချက်

၂၀၀၂-၂၀၀၃ ခု ပညာသင်နှစ်အတွက် ၂၀၀၃ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ကျင်းပခဲ့သော တတိယနှစ် (၁၉၉၇-အောင်)သင်တန်း အသီးသီး၏ နောက်ဆုံးစာမေးပွဲ အောင်မြင်ထားသော ကျောင်းသားကျောင်းသူ များအား ဘွဲ့အပ်နှင်းချီးမြှင့်ရန်အတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်ရက်/နေ့ ။ ။ ၂၀၀၄ ခုနှစ်၊ မေလ ၉ ရက်၊ (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ ။ ။ ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်တက္ကသိုလ်နယ်မြေ)
ကျင်းပမည့်အချိန် ။ ။ နံနက် ၉ နာရီ

စဉ်	ဘွဲ့အမည်
၁။	B.Com
၂။	B.Act
၃။	B.B.A
၄။	B.Econ(Economics)
၅။	B.P.A
၆။	B.Econ(Statistics)
၇။	B.P.S

- တက်ရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)
- အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)
- အစမ်းလေ့ကျင့်မည့်ရက်/နေ့ - ၂၀၀၄ ခုနှစ်၊ မေလ ၈ ရက်၊ (စနေနေ့)
- အစမ်းလေ့ကျင့်မည့်အချိန် - နံနက် ၈ နာရီ
- လျှောက်လွှာပိတ်ရက် - ၂၀၀၄ ခုနှစ်၊ မတ်လ ၃၁ ရက်၊ (ဗုဒ္ဓဟူးနေ့)

မှတ်ချက်။ ။ (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၂) နှစ်ဟောင်းမှဘွဲ့/ ဒီပလိုမာ အောင်မြင်ထားသူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားရမည်။
(၃) (၁)လအတွင်း ရိုက်ကူးထားသော ၂လက်မX၁ လက်မခွဲ ဓာတ်ပုံနှစ်ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် လျှောက်ထားရမည်။
(၄) အသေးစိတ်အချက်အလက်များကို ရန်ကုန်စီးပွားရေး တက္ကသိုလ်(ရွာသာကြီး)တွင် လာရောက်စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်းအဆင့် (၁)
ဘွဲ့နှင်းဌာန
ရန်ကုန်စီးပွားရေးတက္ကသိုလ်

အမည်ပြောင်း

အဖ ဦးသော်ဇင်ထွန်း၏သမီး သီရိရွှေစင်အား မသီရိဦးဟုပြောင်းခေါ်ပါရန်။ **မသီရိဦး**

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေ ပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင် ပါသည်။ **အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂**

Ruby

KMD ၂၀၀၄ ခုနှစ် မတ်လ ကွန်ပျူတာနည်းပညာပြပွဲ
KMD
Strand Hotel
Tel : 245180, 381035, 381776, 204071, 500295, 243595

(၁၄)ကြိမ်မြောက် ပိဋကတ်တော် အလှူပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က အမှတ် ၁၈၇/၁၈၉ လမ်းမတော်မြို့နယ် ၁၄ လမ်းထိပ်ရှိ မင်္ဂလာမဏ္ဍပ်တွင် ပြုလုပ်ရာ မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလ အသင်း (ဘီဘီအမ်အေ)ဥက္ကဋ္ဌ ဦးစောဖေညွန့်က သာသန အာဇာနည် အရှင်သူမြတ်တို့အား ပိဋကတ်တော် စာအုပ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျိုင်းတုံမြို့ သစ်စေ့ပျိုးပွဲတော် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်တက်ရောက် မြို့တွင်းတည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မတ် ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော သစ်စေ့ပျိုးပွဲတော် အခမ်းအနားကို မတ် ၁၁ရက် နံနက်စနာရီခွဲက ကျိုင်းတုံမြို့ရှိ ကျိုင်းဖောင်း သစ်တောပျိုးဥယျာဉ်စခန်း၌ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် နေရာယူပြီးနောက် သစ်ဆိမ့်မျိုးစေ့ များအား ပျိုးထုပ်များတွင် ထည့်သွင်း စိုက်ပျိုးပေးကြပြီး တိုင်းမှူးက ကံ့ကော်ပင်အားပျိုးဥယျာဉ် အတွင်း သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ ဇနီး ဒေါ်ခင် ပြုံးဝင်းနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသူများ၏ သစ်ဆိမ့်မျိုးစေ့နှင့်ထင်းရှူးမျိုးစေ့များ တပျော်တပါး စိုက်ပျိုး နေမှုများနှင့်ပျိုးထောင်ထားရှိသည့် ပျိုးပင်များကို လှည့်လည် ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သစ်စေ့ပျိုးပွဲတော်တွင် သစ်ဆိမ့်စေ့ ၄၀၀၀၀ နှင့် ထင်းရှူးမျိုးစေ့ ၄၀၀၀၀ စုစုပေါင်းမျိုးစေ့ ၈၀၀၀၀ကို အမျိုးသမီးရေးရာ အဖွဲ့ဝင်အင်အား ၅၀၀ကျော်က တပျော် တပါး ပျိုးထောင်စိုက်ပျိုးခဲ့ကြောင်းသိရှိရသည်။ ထို့မှတစ်ဆင့် တိုင်းမှူးသည် ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ပြည်နယ်အားကစားကွင်းတွင် အလျားပေ ၄၀၊ အနံ ၂၆ပေရှိ အားကစားနှင့်ကာယပညာ ဦးစီးဌာန ရုံးတစ်ခု၊ အလျားပေ ၃၀၊ အနံပေ ၂၀ရှိ လုံးချင်း အိမ်ရာ တစ်ခုနှင့် အလျား ၇၂ပေ၊ အနံ၂၅ပေရှိ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်ခုတို့ကို အားကစားဝန်ကြီးဌာနမှ တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးရေးရာအခြေခံစည်းမျဉ်းများရှင်းလင်းပွဲ ဝိုင်းမော်မြို့တွင်ကျင်းပ၊ အသင်းဝင်အဆိုပြုလွှာပေး

ရန်ကုန် မတ် ၁၅

ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များသည် မတ် ၁ ရက် မွန်းလွဲပိုင်းက ဝိုင်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဆမား ခန်းမတွင် အမျိုးသမီးရေးရာအခြေခံစည်းမျဉ်းများရှင်းလင်းပွဲနှင့် အသင်းဝင်အဆိုပြုလွှာများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့နှင့် တာဝန်ရှိသူ များက အမျိုးသမီးရေးရာအဖွဲ့ အခြေခံစည်းမျဉ်းများ၊ လုပ်ငန်းတာဝန်များ၊ ပညာရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စီးပွားရေးစသည့်ကဏ္ဍအလိုက် လုပ်ငန်း တာဝန်များကို အသီးသီး ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဝိုင်းမော်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌက မြို့နယ်အတွင်း အမျိုးသမီးရေးရာ ဖွဲ့စည်း ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အမျိုးသမီး ရေးရာ အဖွဲ့ဝင်အဆိုပြုလွှာများကို ပေးအပ်ရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်နွဲ့က လက်ခံရယူသည်။ ထို့နောက် မိုင်းနားကျေးရွာ အမျိုး သမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ပေးအပ်ရာတိုင်းမှူး၏ဇနီးက လက်ခံရယူ သည်။

မတ် ၆ ရက်နံနက် ၇ နာရီတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင် ထိန်းသိမ်း ရေး လုပ်ငန်းအဖွဲ့၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု လုပ်ငန်းများကို မြစ်ကြီးနားမြို့ ပြည်နယ်အထွေထွေ ရောဂါကုဆေးရုံကြီး၌ စုပေါင်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၁၃) အခြေခံပညာမူလတန်း ကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာ သင်နှစ် စတုတ္ထအကြိမ် မူလတန်း ဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနား ကို မတ် ၈ရက်က အဆိုပါကျောင်း ခန်းမတွင် ကျင်းပရာ ကျောင်း အုပ်ဆရာကြီး ဦးအုန်းကျော်က စတုတ္ထတန်း ကျောင်းသား မောင် အောင်အောင်မြင့်ဦးအား သင်ယူပြီး မြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (၄၀၀)

မတ်လ မိသားစုအတွက် မွေးနေ့ဆုတောင်း

၁၆-၃-၁၉၄၉ ဒေါ်ခင်မာချို
၁၈-၃-၁၉၇၄ ကျော်သီဟ
၁၅-၃-၂၀၀၂ သမီးမြေး မေသူညို

၁၆-၃-၂၀၀၄ ရက်တွင် ကျရောက်သော(၅၅)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ မိသားစုနှင့်အတူ စီးပွားရေးလုပ်ငန်းများအား စည်းစနစ်ကျစွာထိန်းသိမ်းဆောင်ရွက်နိုင်ပြီး ကျန်းမာသန့်စွမ်းစွာဖြင့် အောင်မြင်သော မိန်းမကောင်းမိန်းမမြတ်အဖြစ် ဆောင်ရွက်နိုင်သူ တစ်ဦးဖြစ်ပါစေလို့ ဆုမွန်တောင်းလိုက်ပါသည်။

ဦးကျော်သိန်း
ကျော်သူရသိန်း၊ ချောတင်ဇာညို
ကျော်သုတ
Pavo Trading Pte., Ltd.



မွေးနေ့ဆုတောင်း

၁၆-၃-၂၀၀၄ နေ့တွင် ကျရောက်သော သမီးလေး မခင်နွယ်မျိုးဟန်(ခ)သားသား B.Sc, (Zoology)၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့မှုအပေါင်း ထာဝရခညောင်းပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သော ဖေဖေ၊ မေမေ၊
ကိုကြီး၊ ကိုလေး။





လူပျောက်

ဦးအုန်းမြ အသက် (၆၁)နှစ် အရပ် ၅ပေ ၂လက်မ ခန္ဓာကိုယ် (ပိန်သွယ်) အသားလတ်သည် ၆-၃-၂၀၀၄ရက်တွင် နေအိမ်မှပျောက်သွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၆၈၄၈၈၃သို့အကြောင်းကြားပေးပါရန် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။ **ဦးသန်းအောင်**
အမှတ် ၁၇၃၊ သီရိမင်္ဂလာလမ်းသွယ်(၅)၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့။

သွာနုတ္တသမီးအဖြစ် ကြေညာခြင်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း မြို့နယ်) ၁၀တိုးချဲ့ရပ်ကွက် ပတ္တမြားလမ်း အမှတ် ၇၄နေ ကျွန်မ ဒေါ်အမာညို ၁၂/ကမတ(နိုင်) ၀၁၁၇၆၀၏ သမီးကြီးဖြစ်သူ မအေးအေးမြင့် ၁၂/တမန(နိုင်) ၀၁၁၈၄၁သည် မိခင်နှင့် အဒေါ်တို့၏ဆိုဆုံးမမှုကို မနာခံသည့် အပြင် ဂုဏ်သိက္ခာကျဆင်းစေမည့် လုပ်ရပ်များ ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ် အများသိစေရန်နှင့် နောက်နောင် ၎င်း၏ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်-ဒေါ်အမာညို၊ ၁၂/တမန(နိုင်) ၀၁၁၇၆၀
အဒေါ်-ဒေါ်သိန်းသိန်းအေး၊ ၁၂/တမန(နိုင်) ၀၁၁၈၇၉

လေလံကြော်ငြာ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)တွင် အောက်ဖော်ပြပါ အင်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါ၍ အင်းဆွဲဝယ်လိုသူ မည်သူမဆို ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် ဖျာပုံ၊ ဘိုကလေး၊ ညောင်လေးပင်၊ ရွှေကျင်၊ ချောင်းဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

- **အင်းဆွဲဝယ်ခွင့် လျှောက်လွှာ/လက်မှတ် ထုတ်ပေးမည့်နေ့ရက်** - ၂၂-၃-၂၀၀၄ မှ ၂-၄-၂၀၀၄
- **အင်းဆွဲဝယ်ခွင့်လျှောက်လွှာ/လက်မှတ် ထုတ်ပေးမည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် သက်ဆိုင်ရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများ
- **လေလံတင်ရောင်းချမည့်နေ့** - ၅-၄-၂၀၀၄
- **လေလံတင်ရောင်းချမည့်အချိန်** - ၁၀:၀၀ နာရီ
- **လေလံတင်ရောင်းချမည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၊ ဆင်မင်းလမ်း အလုံ ရန်ကုန်မြို့။

ရောင်းချမည့် အင်းစာရင်း

၁။ **ရာဝတီတိုင်း ဘိုကလေးမြို့နယ်**	-	ကမာဟောက်အင်း
၂။	။	- သော်ဒွတ်အင်း
၃။	။	- အလယ်ထော်ပိုင်အင်း
၄။	။	- ပျဉ်ဒရယ်ခါးပြတ်အင်း
၅။ **ရာဝတီတိုင်း၊ဖျာပုံမြို့နယ်**	-	သဲအိမ်အောက်အင်း } တွဲ
၆။	။	- သဲအိမ်လက်ဖျောက်ဆိုင်အင်း } တွဲ
၇။ **ပဲခူးတိုင်း၊ညောင်လေးပင်မြို့နယ်**	-	ဆာဆေးကလေးအင်း
၈။ **ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်**	-	ကျားခဲကြီး၊ ကျားခဲလေးအင်း
၉။	။	- သဲကောအင်း
၁၀။	။	- စံဖဲအင်း
၁၁။ **စစ်ကိုင်းတိုင်း၊ချောင်းဦးမြို့နယ်**	-	ပေါက်အင်း

ယခင်နှစ် အင်းခွန်ငွေ၏ ၁၀၀ ရာခိုင်နှုန်းကို စပေါ်ငွေအဖြစ် သက်ဆိုင်ရာမြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ သို့မဟုတ် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တွင် ငွေစုလက်မှတ်၊ သို့မဟုတ် စာရင်းရှင်လက်မှတ်ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး အဆိုပါလက်မှတ်တင်ပြနိုင်သူကိုသာ အင်းဆွဲဝယ်ခွင့် လျှောက်လွှာ/လက်မှတ်ကို ထုတ်ပေးမည်ဖြစ်သည်။

ရုံးချုပ်တွင် လေလံတင်ရောင်းချသည့်အခါ အဆိုပါ ငွေစုလက်မှတ် သို့မဟုတ် စာရင်းရှင်လက်မှတ်ကို တင်ပြရမည်ဖြစ်ပြီး အင်းဆွဲဝယ် ရရှိပါက ကျသင့်ငွေအပြည့်အဝအား သတ်မှတ်ရက်အတွင်း ပေးသွင်းရပါမည်။

အသေးစိတ်သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန (ကြီးကြပ်/အခွန်)ဌာနခွဲ၊ တယ်လီဖုန်းအမှတ် ၂၁၁၃၇၄၊ ၂၂၅၅၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အင်းများလေလံတင်ရောင်းချရေးအဖွဲ့
ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်မြို့။

ဝမ်းမြောက်ဂုဏ်ပြုခြင်း

ပထမဆု ကျပ် ၁၅ သိန်း ပေါက်သူရှင် **တတိယဆု ကျပ် ၅ သိန်း ပေါက်သူရှင်**

...Asia Light Super Market... (MMDDL) ...

ဝမ်းမြောက်စွာဖြင့်
မြန်မာမာမီးဒါအယ်ဒက်ကာလီမိတက် (MMDDL) မိသားစု

ဦးမောင်မောင်အေး
အသက် (၅၂)နှစ်

ရန်ကုန်မြို့နေ (ဦးစောမောင်တင်)-ဒေါ်ထားရင်တို့၏သား၊ အမှတ် ၅၃၅ အောက်ပုဇွန်တောင်လမ်းနေ ဒေါ်သန်း၏မြေး၊ ဦးအောင်သိန်း-ဒေါ်မြင့်မြင့်သိန်းတို့၏သားသမက်၊ ဒေါ်ခင်စီစီသိန်း၏ခင်ပွန်း၊ ဦးကျော်ညွန့်လွင်(ဥပဒေအရာရှိ ကြာအင်းဆိပ်ကြီး)-ဒေါ်စန်းစန်းမော်၊ ဦးမျိုးသိန်း(ပုဇွန်တောင်ပန်းခြံထောင့်မြန်မာ့ဆေးဆိုင်)၊ဒေါ်နီနီသိန်းတို့၏အစ်ကို၊ မောင်အေးကိုကို B.A(Myanmar)၊ မောင်ဟိန်းသူ(တ-မြန်မာစာ)၊ မခင်ပွင့်ဖြူအေး(ဒု-ရူပဗေဒ)(အရှေ့ပိုင်းတက္ကသိုလ်)၊ မခင်ထိုက်ဆုအေး X-B(အထက-၄၊ပုဇွန်တောင်)တို့၏ ချစ်လှစွာသောဖခင်၊ တူနှစ်ယောက်တို့၏ဘကြီးသည်၁၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်အေး
အသက် (၅၂)နှစ်

ရန်ကုန်မြို့နေ(ဦးစောမောင်တင်)-ဒေါ်ထားရင်တို့၏သား၊ အမှတ် ၅၃၅ အောက်ပုဇွန်တောင်လမ်းနေ ဦးအောင်သိန်း-ဒေါ်မြင့်မြင့်သိန်းတို့၏သားသမက်၊ ဒေါ်ခင်စီစီသိန်း၏ ခင်ပွန်း၊ ဒေါ်မြမြဝင်း၏မောင်၊ ဦးခင်မောင်သန်း-ဒေါ်စုစုမာ၊ ဦးခင်မောင်ငယ်-ဒေါ် စောစောညွန့်၊ ဦးခင်မောင်ထွန်း-ဒေါ်နီလာမိုး၊ ဦးလှမင်းချို-ဒေါ်စန္ဒာမိုးတို့၏ အစ်ကို၊ မောင်အေးကိုကို B.A(Myanmar)၊ မောင်ဟိန်းသူ (တ-မြန်မာစာ)၊ မခင်ပွင့်ဖြူအေး (ဒု-ရူပဗေဒ)(အရှေ့ပိုင်းတက္ကသိုလ်)၊ မခင်ထိုက်ဆုအေး X-B(အထက-၄၊ ပုဇွန်တောင်)တို့၏ ချစ်လှစွာသော ဖခင်၊ တူ၊ တူမ ကိုးယောက်တို့၏ ဘကြီးသည် ၁၃-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ကွယ်လွန်သူ၏ ဆန္ဒအရရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးစိုင်းမင်းဝေ(ခ) ဦးဝင်းဦး အသက်(၄၅)နှစ်
ထိပ်တန်းအောင်ဂိတ်မှူး(ကွတ်ခိုင်)

သီပေါမြို့ ပန်းထိမ်ရပ်မြောက်ပိုင်းနေ(ဦးအုန်းကြွယ်-ဒေါ်မမကြီး)၏သား၊ ဦးမှတ်ကြီး-ဒေါ်နန်းသန်းခင်(သမ/ ဦးစီး ၊သီပေါ)၊ ဒေါ်နန်းသန်းရင်၊ ဦးတင်ငွေ(မြန်မာ့ရေနံ/သီ ပေါ)-ဒေါ်နန်းညွန့်ရီ တို့၏မောင်၊ ဦးစိုင်းမင်းဒင်(ဒုရဲအုပ်-စခန်းမှူး၊မူးယစ်အထူးတပ်ဖွဲ့ မုံရွာ)-ဒေါ်သက်သက်ခိုင်၊ဦးစိုင်းထွန်းဝေ(လ/ထ ညွှန်ကြားရေးမှူး၊လဝက၊ မုံရွာ)-ဒေါ်ဖြူဖြူတို့၏ညီ၊ ဦးမြင့်သိန်းအောင်-ဒေါ်ခင်ပြုံးဝေ၊ ဦးဒင်မိုးဝင်း-ဒေါ်ခင်ပြုံးကြွေ တို့၏မောင်၊ ဦးသိန်းဦး-ဒေါ်နန်းဥမ္မာကြွယ် (လဝကမှူး၊ဖလမ်းမြို့)၊ စိုင်းညီညီထွေး၊ နန်းလှဲ့လှဲ့ချို၊ နန်းဝင်း၊ ပပပြုံးတို့၏ အစ်ကိုသည် ၉-၃-၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် အလုပ်သမားဆေးရုံ မဏ္ဍပ်လေးမှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်တင်ထွန်း ၁၂/ဗတထ(နိုင်)၀၀၁၂၆၃ သည် မိဘစကား နားမထောင်ပါသဖြင့် ၃-၁၂-၂၀၀၃ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ (လုံးဝ) တာဝန်မယူပါ။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။ **ဦးလှဝင်း**
၁၂/ဗတထ(နိုင်)၀၂၅၃၉၃

ဝမ်းနည်းကြေကွဲခြင်း

ဆရာမကြီး ပါမောက္ခဒေါက်တာဒေါ်ဌေးဌေး၏ ခင်ပွန်း ဆရာကြီးပါမောက္ခဒေါက်တာ ခင်မောင်လတ်(ငြိမ်း) သွားတုပညာဌာန သွား/ဆေးတက္ကသိုလ်ရန်ကုန် (၆၄) နှစ်သည် ၆-၃-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရသဖြင့် အသင်းဝင်တပည့်များက ဆရာမကြီးနှင့်ထပ်တူ ဝမ်းနည်းမိပါသည်။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း
ရှမ်းပြည်နယ် (မြောက်ပိုင်း)။

ဝမ်းနည်းကြေကွဲခြင်း

နာယကအဖွဲ့ဝင် ဒေါက်တာ နန်းဆိုင်အေး (သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး) ၏ မိခင် ဒေါ်နန်းရွက်(ခ) ဒေါ်ဘောဂန်ဂျန်း (၈၈) နှစ်သည် ၁၁-၃-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းမိပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (လားရှိုး)။

ဦးသိန်းအောင်(ခ)ဦးအောင်စီ
CDC.11237, Echo Tsusho Co.
(အထက–၁၊ တာမွေကျောင်းသားဟောင်း)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၄၊ ၁၅၃လမ်း၊ ဗျိုင်းရေအိုးစင်ရပ်ကွက်နေ(ဦးစီ)–ဒေါ်အုန်းရှင် တို့၏သား၊ (ဒေါ်ဝါးဝါးထူး)၏ခင်ပွန်း၊ မယဉ်သူသူသွင်အောင်၏ဖခင်သည် ၁၄–၃–၂၀၀၄ ရက်(တနင်္လာနေ့) နံနက် ၉:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ရက် (အင်္ဂါ နေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းစိန်(ခ)အဘုချေ (စစ်တွေ)
(အောင်အောင် စက်အပိုပစ္စည်းဆိုင်)
အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှေသံလွင် ပန်းလှိုင်အိမ်ရာ၊ စံပယ်လမ်း I-11(B) နေ ဦးမောင်စိန်–ဒေါ်မိကင်းတို့၏သား၊ ဦးအောင်သာလှ–ဒေါ်ဟန်သာတို့၏သားသမက်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၂၇၄(ခ)နေ ဒေါ်ခင်မြင့်ကြည်၏ခင်ပွန်း၊ မောင်ရဲလင်းထွန်း 3rd MB Jr (မကွေး၊ ဆေးတက္ကသိုလ်)၊ မအိရွှင်ပြုံး (အထက–၄၊ စစ်တွေ)၊ မကျော့ရည်ဟန် (အထက–၄၊ စစ်တွေ)တို့၏ဖခင်သည် ရန်ကုန်မြို့အထက်ပါနေအိမ်၌ ၁၄–၃–၂၀၀၄ရက် ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ရဲဝင်းထွန်း(ကိုကြီး)
C.D.C-45226° (Lizstar Co., Ltd.)
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း(အထက်)၊ အမှတ် ၇၉ နေ (ဦးမောင်ကို)–ဒေါ်မြသိန်းနှင့် (ဦးစိန်ပို–ဒေါ်စုစု)တို့၏မြေး၊ ဦးသိန်းဟန် (ဒု–ဌာနခွဲမန်နေဂျာ၊မင်္ဂလာဒုံလေယာဉ်ဆိပ်ဌာန၊ M.P.P.E°ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်)–(ဒေါ်နွဲ့နွဲ့ယဉ် ဘဏ္ဍာရေး M.P.P.E°)တို့၏သားကြီး၊ မောင်ရဲလင်းထွန်း(ကိုငယ်)၊ မကေခိုင်စု၊ မောင်ရဲသူသူတို့၏အစ်ကိုကြီးသည် ၁၄–၃–၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၉:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး ဒေါ်လှသန်း (မြောင်းတကာ)
အသက်(၈၂)နှစ်

စမ်းချောင်းမြို့နယ်၊ ဗားကရာတိုက်၊ အောင် မြေကျောင်းဆရာတော် ဦးသုစိတ္တ သာရဦးနေမိန္ဒတို့၏အစ်မ၊မော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ(ဦးခင်မောင်–ဒေါ်ကျင်နု)၊ (ဦးဘသန်း–ဒေါ်သန်းကြွယ်)တို့၏သမီး၊ (ဦးမြ)၏ဇနီး၊ (ဦးစံထွန်း–ဒေါ်မြသန်း)၊ ဦးထွန်းရှင်–ဒေါ်ပန်းကြည်တို့၏ညီမ၊ (ဦးထွန်းရှင်–ဒေါ်လှကြည်)၊ (ဦးမြကြိုင်)–ဒေါ်တင်တင်ဆွေ၊ ဦးမြရှင်–ဒေါ်ခင်ဆွေ၊ ဦးတွေး–ဒေါ်လှရီ၊ ဦးမောင်မောင်သန်း–ဒေါ်ချစ်ချစ်၊ဦးအုံးလှိုင်–ဒေါ်ခင်ခင်ရီတို့၏အစ်မ၊ ဦးလှဦး၊ ဦးဇော်ဝင်း၊ ဦးသန်းဦး–ဒေါ်သန်းကြည်၊ ဦးနိုင်မင်း၊ ဦးနိုင်လင်း၊ ဒေါ်ခင်မာလာ၊ ဦးအေးနိုင်တို့၏မိခင်၊ မောင်အောင်မင်း၏အဘွားသည် ၁၅–၃–၂၀၀၄ရက် နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇–၃–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (စမ်းချောင်း၊ အောင်မြေကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီ ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့် (ပေါင်းတည်)
A/B C.D.C-16812
(Uniteam)
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ တိုက် ၁၂၈/၂၊ နဝရတ်လမ်းနေ (ဦးသူငယ်လေး–ဒေါ်ဝတုတ်)တို့၏ သား၊ ဦးမောင်မောင်အေး (M.O.G.E)–ဒေါ်ခင်ဝင်း၊ ဦးဉာဏ်ထွန်း(လဝက)၊ ဦးစိုးလှိုင်(စိုက်ပျိုးရေး)၊ဦးထွန်းဝေ(လဝက)–ဒေါ်ယဉ်ယဉ်မြင့်တို့၏ ညီ/မောင်၊ ဦးအောင်မင်း(မြန်မာ့ဆိပ်ကမ်း)၏အစ်ကို၊ တူ တူမ ငါးယောက်တို့၏ဦးလေးသည် ၁၄–၃–၂၀၀၄ရက် (တနင်္လာနေ့) ည ၇:၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ ရက်(အင်္ဂါနေ့)ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝင်းစိုး(ခ)ကိုပု
(တော်ဝင် အီလက်ထရွန်နစ်စင်တာ)
အသက်(၃၂)နှစ်

စစ်တွေမြို့၊ တစရ ၁၇၊ သင်ပုန်းတန်းနေ ဒုအရာခံဗိုလ် ဦးစိန်–ဒေါ်သိန်းစောနုတို့၏သားကြီး၊ ကိုလှမျိုးအောင်–မကြည်ကြည်ဝင်း၊ မောင်ဝင်းဇော်(သတ္တုတွင်းဝန်ကြီးဌာန ဘောလုံးအသင်း)၊ ဗိုလ်လောင်းမောင်ဝင်းနိုင်၊ မောင်အောင်သန်းဌေး(တကကစရ)–မသန္တာစိုးတို့၏အစ်ကိုကြီးသည် ၁၄–၃–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၄:၃၉ နာရီတွင် အလုပ်သမားဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၈–၃–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အလုပ်သမားဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အလုပ်သမားဆေးရုံကြီးမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှမြိုင် (ပုသိမ်)
လွှတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)
လူထုပညာရေးမှူးဟောင်း
အလယ်တန်းပြဆရာ(ငြိမ်း)
အထက(၃)သန်လျင်မြို့
အသက်(၈၂)နှစ်

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် ၇ နေ (ဦးစိုးသိမ်း–ဒေါ်ညိမ်းမယ်)တို့၏သား၊ (ဦးဘရွှေ–ဒေါ်ထွေး)တို့၏သားသမက်၊ (ဦးကျင်တီ–ဒေါ်ချစ်ချစ်)တို့၏မောင်၊ဒေါ်မြမြ၏ခင်ပွန်း၊ဒေါ်ဆွေဆွေမြ(အလပြ၊အလက၊ ပန်းတော၊ ကျောက်တန်း)၏ဖခင်သည် ၁၅–၃–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၂ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည်
M.P.P.E (ခနီတော)
အသက်(၅၄)နှစ်

အမှတ် ၃၀၂၊ စိန္တာမဏိလမ်း၊ (၃၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးသန်း–ဒေါ်ခင်သုံ)တို့၏သား၊(ဦးယုံ–ဒေါ်ကျင်ဖွား)တို့၏သားသမက်၊ ဦးမြသန့်–ဒေါ်ထားရီ၊ ဦးလှသောင်း–ဒေါ်ထားကြည်တို့၏မောင်၊ (ဦးလှမြင့်)–ဒေါ်ရီရီ၊ ဦးချိုမြင့်–ဒေါ်သန်းသန်းဦး၊ ဦးအောင်ကျော်ထွေး–ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်ကို၊ ဒေါ်မိမိထွေး(M.P.P.E၊ ငြိမ်း)၏ခင်ပွန်း၊ ကိုဇေရာကြည်ဖြိုး [B.E (E.P)Forture Inte Ltd.]၊ မဝင့်ရွှေရည်နွေး (Final Year; Physics) တို့၏ ဖခင်သည် ၁၄–၃–၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင့်ဝေ
(ရုံးအုပ်၊လယ်/ဆည်ဝန်ကြီးဌာန)
အသက်(၄၆)နှစ်

မကွေးတိုင်း၊ ဆိပ်ဖြူမြို့နေ (ဦးကံရှင်)–ဒေါ်ပေါ်မြိုင်တို့၏သား၊ အမှတ် ၃၆၈၊ အမှတ်(၂)လမ်းမကြီး၊ (၂၆) ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်နေ ဦးလွန်းခင်–ဒေါ်ထွေးထွေးတို့၏သားသမက်၊ ဒေါ်ရီရီလွင်၏ခင်ပွန်း၊ ဦးချစ်ရွှေ–ဒေါ်ယဉ်ကျေး၊ ဦးကျော်ဝင်း–ဒေါ်နီလာညွန့်၊ ဦးရင်ထွန်း–ဒေါ်ညွန့်ခင်တို့၏ညီ၊ဦးဟန်မြင့်အောင်၊ ဦးအောင်ကျော်မြင့်–ဒေါ်သန်းမြင့်ကြည်တို့၏အစ်ကိုသည် ၁၅–၃–၂၀၀၄ရက် နံနက် ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၃–၂၀၀၄ ရက် ညနေ ၃နာရီတွင်ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ပိဋကတ်သုံးပုံ၊ဆွမ်း၊ပဒေသာပင်၊ ဆေးပဒေသာပင်အလှူရှင် မဟာစည်ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းဝင် ဒေါ်စောကြွယ် (လားရှိုး)
အသက်(၈၆)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ (ဦးဖိုးတင်–ဒေါ်ဆင်ဒန်)တို့၏ သမီးထွေး၊ (ဒေါ်စောချယ်၊ ဦးဘဟိန်း၊ ဦးဘငြိမ်း)တို့၏ညီမ၊ ရန်ကုန်မြို့၊ အမှတ် ၁၉၃(၂/က)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်နေ ယခင်တိုင်းလင်းသစ်စက်နှင့်ရန်ကြီးအောင်ဆန်စက်ပိုင်ရှင် (ဦးဘဟန်)၏ဇနီး၊ (ဦးမင်းအောင်) လက်ထောက်တိုင်းရောင်းဝယ်ရေးအရာရှိ ရန်ကုန်တိုင်း၊မြန်မာ့ရေနံ၊ ဦးအောင်ခိုင် (ဂုဏ်ထူးအင်္ဂလိပ်စာ)၊ဒေါ်ခင်သန်းအေး၊ ဒေါ်ဆွေဆွေ၊ ဒေါ်မေပြုံးဟန်၊ ဒေါ်မေမျိုးဟန်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၄–၃–၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၄ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ပိဋကတ်သုံးပုံ၊ဆွမ်း၊ပဒေသာပင်၊ ဆေးပဒေသာပင်အလှူရှင် မဟာစည်ဗုဒ္ဓသာသနာ့နုဂ္ဂဟအသင်းဝင် ဒေါ်စောကြွယ် (လားရှိုး)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၉၃(၂/က)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးဘဟန်)၏ဇနီး၊ (ဦးမင်းအောင်)–ဒေါ်နန်းလှ(ရေနံတိုင်းရုံး)၊ ဂုဏ်ထူး ဦးအောင်ခိုင်–ဒေါ်ခင်ပြုံးသွင်၊ ဒေါ်ခင်သန်းအေး၊ (ဦးကျော်ထွန်း)–ဒေါ်ဆွေဆွေ၊ ဒေါ်မေပြုံးဟန်၊ ဒေါ်မေမျိုးဟန်တို့၏မိခင်၊ ဒေါက်တာကျော်ခိုင်ဦး–ဒေါက်တာယဉ်မွန်မြင့်၊ မမို့မို့အောင်ခိုင်(နောက်ဆုံးနှစ် အပိုင်း(ခ)၊ဆေး–၁)၊ မစန္ဒာအောင်ခိုင်(တတိယနှစ်၊ အင်္ဂလိပ်စာ)၊ နန်းထူးထူးအောင်[နောက်ဆုံးနှစ်၊ အပိုင်း(က)၊ ဆေး–၁]၊ မောင်ဇော်ရဲထွန်း(X၊ အထက–၆၊ ဗိုလ်တထောင်)၊ မောင်လူမော်အောင်(IX°၊ အထက–၂၊ ဗဟန်း)၊ မောင်ဆုလွင်အောင် (VII°၊ အလက–၁၊ ဒဂုံ)တို့၏အဘွား၊ မောင်ဇမ္ဗူဦး၏အဘွားသည် ၁၄–၃–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ခင်တင့် (ညောင်ကိုင်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ် ၁၇၊ ၅ လမ်းနေ ဦးစိန်ဉာဏ်၏ဇနီး၊ ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ညောင်ကိုင်းကျေးရွာနေ (ဦးထွန်းခင်–ဒေါ်စောခင်)တို့၏ သမီးကြီး၊ မောင်မြခိုင်–မဝင်းဝင်းဌေး၊ မောင်မြသိမ်း–မစိန်စိန်မာ၊ မောင်ဦး၊ မခင်သန်းဌေး၊ မောင်စိန်လွင်၊ မောင်တင့်လွင်–မချိုချိုသိန်း၊ မသီဂီမာတို့၏မိခင်၊ မြေး ၁၂ယောက်၊မြစ်ငါးယောက်တို့၏အဘွားသည် ၁၅–၃–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇–၃–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပို
အသက်(၆၃)နှစ်

ဧရာဝတီတိုင်း၊ဇလွန်မြို့နယ်၊ဂမုန်းစုကျေးရွာနေ (ဦးဖြိုး–ဒေါ်မလေး)တို့၏သမီး၊ ပဲခူးတိုင်း၊အုတ်ဖိုမြို့နယ်၊သပြေကုန်းကျေးရွာနေ (ဦးမောင်တင့်–ဒေါ်စော)တို့၏သမီးချွေးမ၊ ဦးမောင်ဝင်း (နိုင်ငံခြားရေးဝန်ကြီးဌာန၊ငြိမ်း)၏ဇနီး၊ ဦးကျော်ဝင်းဟန်(နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်ဇာလီ၊ (မောင်နေဝင်းအောင်)တို့၏မိခင်၊ မမေသူကျော်၏အဘွားသည် ၁၄–၃–၂၀၀၄ရက် နံနက်၆:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့)နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉:၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြဝင်း
အလယ်တန်းပြဆရာမ
အထက(၂)အင်းစိန်
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ နှယ်သာဂီလမ်း၊ အမှတ် ၂၉/၁၈၃ နေ (ဗိုလ်မှူးတင်ဦး၊ လေ၊ငြိမ်း–ဒေါ်မြသိန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၃၂၊ မြဝတီမင်းကြီးလမ်း၊ ဆယ်မိုင်ကုန်း၊ အင်းစိန်မြို့နယ်နေ ဦးနေဝင်း(ဒုညွှန်ကြားရေးမှူး၊ ငြိမ်း) (ကြေးတိုင်နှင့်မြေစာရင်းရုံးချုပ်)၏ဇနီး၊မန္တလေးတိုင်း၊အကောက်ခွန်ဦးစီးဌာနမှ ဒေါ်နုနုအေး(မင်းမင်း) (လ/ထ အကောက်ခွန်မှူး)၏ အစ်မ၊ ရွှေပြည်သာမြို့နယ်နေ မခင်ဥမ္မာနေဝင်း၊ ဦးအောင်ဇော်မိုး၊ ပြည်မြို့နေ ဦးစိုးဝဏ္ဏနေဝင်း၊ မတင်တင်မြင့်–ဗိုလ်ကြီးဟိန်းထက်၊ မသီတာပြုံးတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၅–၃–၂၀၀၄ရက်(တနင်္လာနေ့) ၁၂:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(ဆယ်မိုင်ကုန်းနေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစံလှိုင်
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊အမှတ် ၃၄၇၊ဇာဝေယာလမ်းနေ ဦးစိန်သောင်း(စာတိုက်၊ငြိမ်း)–ဒေါ်မြင့်မြင့်ကြည်(ပြည်ထဲရေး)၊ ဒေါ်စိန်မြင့်(ဦးစီးမှူး၊ သမည္ဓန်ချုပ်ရုံး)၊ ဦးသိန်းဟန်(သမည္ဓန်ချုပ်ရုံး၊ ငြိမ်း)–ဒေါ်ထွေးကြည်(နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငြိမ်း)၊ ဦးလှဝေ (လ/ထမန်နေဂျာ၊ မြန်မာ့မီးရထား)–ဒေါ်သန်းသန်းအေး၊ ဦးဌေးနိုင်(ဗဟိုကြေးနန်းရုံး)၊ မောင်ကျော်မိုးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ ဒေါ်အေးသန်း၏ခင်ပွန်းသည် ၁၅–၃–၂၀၀၄ရက် နံနက် ၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၃–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးမောင်လွင်
ကုန်သွယ်၊လယ်ယာအဆင့်(၈)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ဘောက်ထော်စာရေးတန်းလမ်း အမှတ် ၁၉ နေ (ဦးလှမောင်–ဒေါ်အေးရှင်)တို့၏သား၊ ဒေါ်သန်းမြ၏ခင်ပွန်း၊ (ဒေါ်သန်းတင်)၊ (ဒေါ်အုန်းကြည်)၊ ဒေါ်ညွန့်ညွန့်၊ (ဒေါ်စိန်စိန်)၊ (ဒေါ်ညိုညို)၊ ဒေါ်ရင်ရင်တို့၏အစ်ကို၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးအောင်သန်း၊ ဦးဝင်းသိန်း–ဒေါ်သန်းသန်းရွှေ၊ ဒေါ်ဌေးဌေး၊ ဦးမြင့်အောင်၊ ဦးမြင့်လှိုင်–ဒေါ်တင်တင်ဌေး၊ ဦးထွန်းလွင်၊ ဦးထွန်းထွန်း–ဒေါ်တင်တင်မြင့်၊ ဦးဝင်းထွဋ်ဦး–ဒေါ်ထွေးထွေးရီတို့၏ဖခင်၊ ဦးထွန်းရွှေ–မလှကြည်တို့၏ဦးလေး၊ မြေး ရှစ်ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၁၅–၃–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၅:၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၃–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးထွန်းစိန်(ခ)အဘုချေ (စစ်တွေ)
အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှေသံလွင် ပန်းလှိုင်အိမ်ရာ၊ စံပယ်လမ်း၊ အမှတ် I-11(B)နေ ဦးမောင်စိန်–ဒေါ်မိကင်းတို့၏သား၊ ဒေါ်ခင်မြင့်ကြည်၏ခင်ပွန်း၊ ဦးဝင်းမြင့်–ဒေါ်မန္တ၊ (ဒေါ်တင်စိန်)–ဦးအောင်ကျော်ငြိမ်း၊ ဦးဝင်းစိန်–ဒေါ်လှလှ၊ ဒေါ်ခင်စိန် – ဦးတင်ထွန်းလတ်၊ ဒေါ်မြစိန်–ဦးအောင်မြတို့၏ညီ/မောင်၊ ဒေါ်ရီရီစိန်–ဦးတင်ထွဋ် (U.S.A)၊ကိုသန်းစိန်–မြင့်မြင့်သူတို့၏အစ်ကိုသည် ၁၄–၃–၂၀၀၄ ရက် ညနေ ၄:၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း ဘဒ္ဒန္တ ကုန္ဒက
သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

မကွေးတိုင်း၊မြို့သစ်မြို့နယ်၊ထောက်ရာတန်းကျေးရွာနေ (ဦးလှကျော်–ဒေါ်ထိုက်)တို့၏သား၊ သုဝဏ္ဏမြို့၊ ပေါ်ဆန်းမွှေးလမ်းနေ (ဒေါ်ညွန့်ရီ)နှင့် ပတ္တမြားလမ်း၊ တောင်ဒဂုံမြို့နေ ဦးဝင်းတင်တို့၏အစ်ကိုကြီးသည် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာတိုက်မှ ကြို့ပင်ကောက်မြို့နယ်၊ ဘုကြီးကျေးရွာ ရွာဦးကျောင်းဆရာတော်ထံသို့ကြွရောက်၍ ဆေးကုသခံယူနေစဉ် ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်(၁၄–၃–၂၀၀၄ရက်) မွန်းလွဲ ၂ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အားသိစေအပ်ပါသည်။အန္တိမအဂ္ဂိဈာပနကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်(၁၆–၃–၂၀၀၄ရက်)တွင် ကျင်းပမည်ဖြစ်ပါကြောင်း။ မြို့သစ်မြို့နယ်အသင်း(ရန်ကုန်)။

ဘုရား၊ရဟန်းဒါယိကာမကြီး ဒေါ်သန်းရင်
အသက်(၉၈)နှစ်

ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ အမှတ် ၁၊ အဝေယာလမ်းနေ (ဦးစိန်–ဒေါ်ပု)တို့၏သမီး၊ သားသမီး ကိုးယောက်တို့၏မိခင်၊ မြေး ၄၀ ယောက်၊ မြစ် ၂၀ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄–၃–၂၀၀၄ရက် (တနင်္လာနေ့) ည ၁၀:၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၃–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးထွန်းတင် (ကျိုက်လတ်မြို့)
အကောက်ခွန်(ငြိမ်း)
အကောက်ခွန်ဝန်ထမ်းဟောင်းအသင်း
အသက်(၈၀)

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ ပဲခိုးစုကျေးရွာနေ(ဦးသာခင်–ဒေါ်စောရင်)တို့၏ သား၊ (ဦးတုတ်)၊ (ဒေါ်သိန်းကျင်)တို့၏ညီ/မောင်၊ (ဦးထွန်းခင်)၊ ဦးထွန်းကြည်၊ ဒေါ်အေးမိ၊ (ဦးလှမြင့်)၊ ဒေါ်ကြည်၊ (ဦးအုန်းလှိုင်)၊ (ဦးအောင်ငြိမ်း)တို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန ၂လမ်း၊ အမှတ် ၃၅၄နေ ဒေါ်အုံးကြည်၏ ခင်ပွန်းသည် ၁၄–၃–၂၀၀၄ ရက် (တနင်္လာ နေ့) နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းထွန်းအောင်
(J.E) Civil
အငယ်တန်းအင်ဂျင်နီယာ(မြို့ပြ)ငြိမ်း
အဆောက်အအုံအထူးအဖွဲ့(၁)၊ရန်ကုန်
အသက်(၄၀)

ရန်ကုန်မြို့၊ အမှတ် ၄၊ ဗိုလ်ကျော်ဇောလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးမောင်လွန်း–(ဒေါ်သန်းရီ)၊ မုံရွာမြို့၊ ယင်းမာပင်မြို့နေ ဦးရွှေမောင်–ဒေါ်အေးတို့၏သားသမက်၊ ကိုကျော်လင်း–မခင်သန်းဦး၊ ကိုမြင့်ဆွေ–မထွေးသိန်း၊ ကိုဝင်းနိုင်–မနီ၊ ကိုမျိုးအောင်–မခင်မာလွင်၊ မဝင်းဝင်းမျိုးတို့၏ညီ/မောင်၊ မခင်ဌေးဝင်း B.Sc (Botany) အထက–၁၊ အလုံတပ်မြို့၊ မုံရွာ၏ ခင်ပွန်းသည် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၌ ၁၅–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး မအေးအေးမင်း(ပုဂံ–ညောင်ဦး)
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၄၊ ပတ္တမြားလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်နေ ဦးစောနောင်(စက္ကူ/ဓာတ်ပုံ၊ ငြိမ်း)–(ဒေါ်ဖွားရှင်)တို့၏သမီး၊ ဦးကျော်အောင်ထွန်း(သတင်းတပ်ဖွဲ့)–မခင်မျိုးဝင်း၊ ဦးမောင်မောင်လေး–မအေးအေးသင်း(စက္ကူ/ဓာတ်ပုံ)၊ ဦးထွန်းနောင် (M.E.P.E)–မခင်ခင်စိန်တို့၏ညီမ၊ ဦးကြိုင်သင်းနောင် – မစန်းစန်းအေး၊ မောင်စောထွေးတို့၏အစ်မ၊ တူ တူမ ငါးယောက်တို့၏အဒေါ်သည် ၁၂–၃–၂၀၀၄ရက် ည ၉:၅၅ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဒ္ဒန္တ သာသန
သက်ရှမ်းကွင်းကျောင်းဦးစီးပဓာနနာယက
(ဖျာပုံမြို့နယ်)
သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်၊ မြင်းကကုန်းနယ်လုံးဆိုင်ရာ၊ သုဓမ္မာနိကာယ မဟာပဝါရဏာဂိုဏ်းကြီး၏ ဂဏပါမောက္ခဂဏဓိပတိ၊ လဋ္ဌိပေသလ၊ သိက္ခာကာမဝိနယဂရုက၊ သာသနဓဇသိရီပဝရဓ ဓမ္မာစရိယသက်ရှမ်းကွင်းကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသာသနမဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် ည ၇:၅၀နာရီတွင် ပျံလွန်တော်မူ၍ အန္တိမအဂ္ဂိဈာပနကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၄ ရက် (၂၂–၄–၂၀၀၄ရက်) တွင် ပူဇော်ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့အား သိစေအပ်ပါသည်။ တပည့်သံဃာတော်များနှင့် ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း ဘဒ္ဒန္တ ကေလာဝံသ
သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ရွှေနံ့သာရပ်ကွက်၊စိန္တာရာမကျောင်းတိုက်၌သီတင်းသုံးနေထိုင်သော ဘဒ္ဒန္တ ကေလာဝံသမထေရ်မြတ်သည် ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် ညနေ ၃ နာရီတွင် ကဝမြို့နယ် ခနီးကျေးရွာ အရှေ့ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍ ၁၃၆၅ခုနှစ် တန်ခူးလဆန်း ၃ ရက်(၂၁–၃–၂၀၀၄ရက်) ညနေ ၃ နာရီတွင် အန္တိမဈာပန ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်မှလိုက်ပါလိုသောတပည့်ဒါယကာ ဒါယိကာမများသည် စိန္တာရာမကျောင်းတိုက်သို့ နံနက် ၈ နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး ဦးထွန်းတင် (ကျိုက်လတ်မြို့)
အကောက်ခွန်(ငြိမ်း)
အကောက်ခွန်ဝန်ထမ်းဟောင်းအသင်း
အသက်(၈၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊သုမန ၂လမ်း၊အမှတ် ၃၅၄ နေ ဒေါ်အုံးကြည်၏ခင်ပွန်း၊ ဦးသန်းဦး (အကောက်ခွန်၊နစရ) – ဒေါ်နုနုရီ၊ ဒေါ်မြမြ(အကောက်ခွန်)၊ ဦးဝင်းဖိုလ် (အကောက်ခွန်၊ကျိုင်းတုံ)–နော်တင်မာအေး၊ ဦးဝင်းအောင်(အကောက်ခွန်၊ နစက)–ဒေါ်ဝင်းဝင်းမာ၊ ဦးတင်အောင် (အကောက်ခွန်)တို့၏ဖခင်၊ မောင်သန်းဇော်ဦး(အကောက်ခွန်)၊ မဝတ်ရည်ဖြိုး၊ မဇွန်ပွင့်ဖြူ၊ မနှင်းမြတ်နိုးဦး၊ မဇာဇာငြိမ်း၊ မောင်မင်းမျိုးထက်တို့၏ အဘိုးသည် ၁၄–၃–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး ဒေါ်တင်ကြည်
အသက်(၇၄)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၇၄၊ မင်းရဲကျော်စွာ ၈လမ်း၊ ၇ ရပ်ကွက်နေ (ဦးမောင်စိန်–ဒေါ်စိန်ညွန့်)တို့၏သမီး၊(ဦးမောင်ခိုင်)၏ဇနီး၊ ဦးလှမြင့်–(ဒေါ်ညွန့်တင်)၊ ဦးကြီးဟန်၊(ဦးဝင်းကြည်–ဒေါ်တင်သန်း)၊ ဒေါ်စန်းရွှေတို့၏အစ်မကြီး၊ ဦးကျော်စိုး–ဒေါ်အေးမြင့်၊ ဦးဝင်းရွှေ–ဒေါ်အေးအေးလှိုင် (မပေါက်)၊ ဦးမြဟန်–ဒေါ်အေးစန်း၊ ဦးဝင်းအောင်–ဒေါ်သန်းသန်းဆွေ၊ ဦးစန္ဒာဝရ(ဦးစံဌေးအောင်)၊ ကိုမောင်မောင်စိန်–မစုစုကြည်၊ ကိုဝင်းနိုင်ဦး (ဇေယျာမင်းကားဂိတ်)–မကြည်လေး၊ ကိုလှမိုး–မမြင့်မြင့်ရီ၊ကိုသက်ခိုင်–မလှလှထွေးတို့၏မိခင်၊ မြေး ၁၇ ယောက်တို့၏ အဘွားသည် ၁၄–၃–၂၀၀၄ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးဟန်
B.Econ (Stat)
အသက်(၃၄)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၁)ရပ်ကွက်၊ ၇ လမ်း၊ အမှတ်(၁၄၄/၂)နေ ဦးတင်လေး–ဒေါ်အေးကြည်တို့၏သား၊ ဦးတင်ဦး–ဒေါ်အေးအေး၊ ဦးသိန်းတန်–ဒေါ်စန်းစန်းဝင်း၊ ဦးလှဝင်း–ဒေါ်ဌေးဌေး တို့၏ညီ/မောင်၊ ကိုစိုးထွန်း–မတင်တင်ဌေး၊ ကိုသိန်းဇော်–မဖြူဖြူထွေးတို့၏အစ်ကို၊ မသင်းသင်းခိုင်၏ခင်ပွန်း၊ မစုရည်နန္ဒာ၊ မချစ်စု တို့၏ဖခင်သည် ၁၄–၃–၂၀၀၄ ရက်(တနင်္လာနေ့)နံနက် ၉:၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်စိုးသာ (စစ်တွေမြို့)
အသက်(၈၀)

စစ်တွေမြို့၊ အိုးတန်းရပ်၊ ရွှေသာလမ်းနေ (ဦးအောင်ဖဦး–ဒေါ်သိုင်းချို)တို့၏သမီး၊ဒေါ်ဝေသာ၊(ဒေါ်စိန်သာ)တို့၏ညီမ၊ ဒေါ်ထွေးသာ၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၄)ရပ်ကွက်၊ ယောမင်းကြီး ၄ လမ်း၊ အမှတ် ၁၀၄၄ နေ ဦးဦးကျော်လှ၏ဇနီး၊ (ဒေါ်ဦးခင်လှ)–ဦးကျော်ဖမောင်(ကျန်းမာရေးမှူး၊ ငြိမ်း)၊ ဒေါ်လှအေးခင်(မန်နေဂျာ၊ မြန်မာ့ကြိုးလုပ်ငန်း)၊ ဒေါ်ခင်စိုးလှ(ခ)ဒေါ်ဘုလေး–ဦးအောင်ကျော်စိန်(ဦးစီးမှူး၊သမဝါယမ ဦးစီးဌာန၊ ဗိုလ်တထောင်မြို့နယ်)၊ ဒေါ်မလုံး(ခ)ဒေါ်လှကျင် – ဦးစိုးလင်း၊ ဦးစိုးရွှေ(ခ)ဦးစောဝင်း–ဒေါ်မခိုင်တို့၏မိခင်၊မြေး၁၀ယောက်တို့၏အဘောင်ရှင်သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေအိမ်၌ ၁၄–၃–၂၀၀၄ ရက်(တနင်္လာနေ့)နံနက် ၁၁:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ကြည်
M.P.P.E (ခနီတော)
အသက်(၅၄)နှစ်

အမှတ် ၃၀၂၊ စိန္တာမဏိလမ်း၊ (၃၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဦးသန်း–ဒေါ်ခင်သုံ)တို့၏သား၊(ဦးယုံ–ဒေါ်ကျင်ဖွား)တို့၏သားသမက်၊ ဦးစိန်ကြီး–ဒေါ်ခင်ခင်ဝင်း၊ ဦးစိန်လေး၊ (ဦးစိုးဝင်း)–ဒေါ်သန်းမြင့်၊ ဦးဝင်းကြည်–ဒေါ်စမ်းသီတာတို့၏ညီ၊ ဒေါ်မိမိထွေး (M.P.P.E၊ငြိမ်း)၏ခင်ပွန်း၊ ကိုဇေရာကြည်ဖြိုး [B.E (E.P) Forture Inte, Ltd.]၊မဝင့်ရွှေရည်နွေး(Final Year; Physics)တို့၏ ဖခင်သည် ၁၄–၃–၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငွေးငွေး
(အလယ်တန်းပြဆရာမ၊ အထက–၂၊ လှိုင်သာယာ)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ် ၁၁ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ် (၁၉၉/၂)နေ (ဦးစိုးဝင်း)–ဒေါ်ကျင်မြ၊ (ဦးတင်မောင်)–ဒေါ်ခင်ရီတို့၏ သမီးချွေးမ၊ ညောင်လေးပင်မြို့၊ မီးရထားဝင်းနေ ဦးခင်စိုး–ဒေါ်ချို ဝါးခယ်မမြို့နေ ကိုစောနိုင်–မကြည်နိုင်၊ ကိုထွန်းအောင်–မဝင်းဝင်းဌေး၊ ကိုခင်မောင်ထွေး–မမြင့်မြင့်ထွေး၊ မအေးအေးသန်း၊မမြင့်မြင့်သန်း၊မနှင်းနှင်းဝေ တို့၏ အစ်မ၊ မောင်သီဟကိုကို(အထက–၂)၊ မအေးသက်ပိုင်မှူး(အမက–၃၀)တို့၏ မိခင်၊ ဦးကြည်ဌေး(အာရကာဦး)စတိုး တို့၏ဇနီးသည် ၁၄–၃–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

ငွေဆောင်ကမ်းခြေဟိုတယ်စီမံကိန်းနှင့် ပုသိမ်-ငွေဆောင်ကားလမ်းစစ်ဆေး သင်္ကြန်မတိုင်မီဟိုတယ်ဖွင့်လှစ်နိုင်ရေးနှင့် မိုးမကျမီကားလမ်းကွန်ကရစ်ခင်းရန်မှာကြား

ရန်ကုန် မတ် ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၃ ရက် နံနက် ၇ နာရီတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာကြပြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားအရောက်၌ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁** ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အထူးဆောင်းပါးကဏ္ဍများရည်ညွှန်းချက်

ဤသို့စစ်ဆင်ရေးများစွာတွင် အောင်ပွဲဆင်နိုင်ခဲ့ခြင်းမှာ တပ်မတော်၏ သူရသတ္တိပြောင်မြောက်မှု၊ အခက်အခဲ အကျပ်အတည်းမှန်သမျှ ရင်ဆိုင်ကျော်လွှားနိုင်မှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံနိုင်မှုတို့ကြောင့်ဖြစ်သည်။ တပ်မတော်၏ အစဉ်အလာအရ စိတ်ဓာတ်ရေးရာအားမာန်တို့သည် တိုက်ပွဲအောင်မြင်ရေးအတွက် လက်နက်ကောင်းများဖြစ်ခဲ့သည်။

☆ စိုးသိန်း(မြန်မာ့အလင်း)၏ **"တပ်မတော်၏အောင်ပွဲရ သမိုင်းဝင် စစ်ဆင်ရေးများ"** ဆောင်းပါး

စာမျက်နှာ (၈-၉)

☆ **"တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ ဓာတ်ပုံမှတ်တမ်း"**

စာမျက်နှာ (၇)

☆ ခွန်ရဲသွေး(အေးသာယာ)၏ **"မြရွက်နုနှင့်ဘဘိုးအို"** ကဗျာ

စာမျက်နှာ (၁၁)

☆ တိမ်ပျံ၏ **"စွမ်းရည်ထက်မြက်မြင့်မားတဲ့ ခေတ်မီတပ်မတော်ဖြစ်နေမှု"** ကာတွန်း

စာမျက်နှာ (၂၀)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ပုသိမ်-ငွေဆောင်ကားလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခေတ်အဆက်ဆက်ပြည်သူ့အတွက်တပ်မတော်



အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရှမ်းပြည်နယ် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးအတွက် ရွှေညောင်-နမ့်စန်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွင် တပ်မတော်သားများ ဤသို့ ပါဝင် ဆောင်ရွက်ခဲ့ကြသည်။

(ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

၂၀၀၄ခုနှစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည် ၁၀၁၄ ဦးရောက်ရှိ

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၀၄ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ရှစ်နိုင်ငံ၊ ကုမ္ပဏီပေါင်း ၂၂၄ ခုတို့မှ ရတနာကုန်သည် ၅၆၆ ဦးနှင့် ပြည်တွင်းကုမ္ပဏီပေါင်း ၁၇၆ ခုတို့မှ နိုင်ငံသား ရတနာကုန်သည် ၄၄၈ ဦး စုစုပေါင်း ရတနာကုန်သည် ၁၀၁၄ ဦး ရောက်ရှိ နေကြပြီဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁** ●

ယနေ့ထုတ်စောင်ရေ ၂၀၀၀၀၀